# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၈၁)

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၅ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်အောင်ပွဲ (၂)နှစ်ပြည့်အခမ်းအနားကျင်းပ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၅ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် အောင်ပွဲ (၂) နှစ်ပြည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ပရိဝုဏ်အတွင်းရှိအဂ္ဂါဓိပတိသာသနဒ္ဓဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ

**စာမျက်နှာ ၁၆ ကော်လံ ၁** ✯


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၁၈၊ ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၈ ရက်)

# ဝါဆိုသင်္ကန်းလှူဒါန်းပူဇော် ကုသိုလ်တော်

မြတ်စွာဘုရားရှင်သည် သံဃာ့အဖွဲ့အစည်းကြီးကိုစတင်တည်ထောင်စဉ်က အရိယာသံဃာတော်များနှင့် စတင်တည်ထောင်ခဲ့ပြီး သာသနာအစောပိုင်းကာလတွင် ရဟန်းတော်များဝတ်ရုံသုံးစွဲရန်အတွက် "တိစီဝရိတ်" ဟုခေါ်သည့် သုံးထည်သောသင်္ကန်းကိုသာခွင့်ပြုတော်မူခဲ့သည်။ မြတ်စွာဘုရားရှင်က ရဟန်းတော်များဝါဆိုဝါကပ်ရန်သတ်မှတ်ခွင့်ပြုပေးခဲ့တော်မူခဲ့သောကာလမှာ မိုးတွင်းကာလဖြစ်သည်။ ရဟန်းတော်များအနေဖြင့် မိမိတို့သီတင်းသုံးရာကျောင်းတိုက်တာနှင့်ညဥ့်ကင်း၍ ခရီးထွက်ခွာခြင်း မပြုရန်၊ အကယ်၍ မဖြစ်မနေခရီးသွားရမည့်ကိစ္စရှိပါကလည်း ဝါပန်၍သွားရောက်ရန် စသည်ဖြင့် သိက္ခာပုဒ်များပညတ်တော်မူခဲ့သည်။

ထိုမိုးတွင်းကာလအတွင်း ကျောင်းတိုက်တာပြင်ပဖြစ်သည့် မြို့ရွာအတွင်းသို့သွားရမည့်ကိစ္စ၊ ခရီးဝေးသွားရမည့်ကိစ္စပေါ်ပေါက်၍ သွားလာရသည့်အခါ ခရီးသွားလာရင်း မိုးစိုမိုးမိခဲ့ပါက ရေစိုသင်္ကန်းအား ခြောက်သွေ့သည့် အပိုသင်္ကန်းဖြင့်လဲလှယ်ဝတ်ရုံရန် အပိုသင်္ကန်းထားရှိခွင့်နှင့် မိုးရွာစဉ်မိုးရေချိုးသည့်အခါ၌လည်း ရေစိုခံမည့် မိုးရေခံသင်္ကန်းချုပ်ဆိုးခွင့်၊ ဝတ်ရုံခွင့်တို့ကို ထိုစဉ်က မြတ်စွာဘုရားရှင်ခွင့်ပြုတော်မူခြင်း မရှိသေးသည့်အတွက် မိုးရေခံသင်္ကန်းနှင့်စပ်လျဉ်း၍ ရဟန်းတော်များအခက်အခဲဖြစ်ကြရသည်။ ထိုခက်ခဲမှုကိုသိရှိသည့် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအမကြီးဝိသာခါက ဘုရားရှင်ထံ မိုးရေခံသင်္ကန်းလှူဒါန်းခွင့်လျှောက်ထားခဲ့ရာ မြတ်စွာဘုရားရှင်က မိုးရေခံသင်္ကန်း အလှူခံသုံးစွဲခွင့်ကို ဝိနည်းသိက္ခာပုဒ်နှစ်ခုပညတ်၍ သုံးစွဲရမည့်ကာလနှင့် အတိုင်းအတာအရွယ်အစားပမာဏကိုခွင့်ပြုတော်မူခဲ့သည်။

ထိုစဉ်က မိုးရေချိုးသောအခါတွင်အသုံးပြုရန် မိုးရေခံသင်္ကန်းလှူဒါန်းခဲ့ကြသော်လည်း နောင်တွင် မိုးရာသီဖြစ်သောဝါတွင်းသုံးလတွင် ဝါဆိုဝါကပ်တော်မူကြသောရဟန်းတော်တို့အား လှူဒါန်းကြသည့်အတွက် "ဝါဆိုသင်္ကန်း" ဟုပြောင်းလဲခေါ်ဝေါ်သုံးစွဲလာကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ ဝါဆိုလတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင် ထုံးတမ်းအစဉ်အလာတစ်ရပ်အနေဖြင့်တည်ရှိလာခဲ့သည်။ ဝါဆိုသင်္ကန်းကပ်လှူခြင်းမှာ ဝိနည်းတော်နှင့်အညီ လှူဒါန်းခွင့်ရရှိခြင်း၊ ကာလဒါနဖြစ်ခြင်းတို့ကြောင့် မွန်မြတ်သည့် အလှူဒါနဟုခေါ်ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာသာသနာအထွန်းကားဆုံးနိုင်ငံဖြစ်သည်။ ထိုသို့ဖြစ်နေသည်မှာ ဗုဒ္ဓသာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နေသော ဆရာတော်၊ သံဃာတော်များရှိနေခြင်း၊ ဆရာတော်၊ သံဃာတော်များ သာသနာတော်ဆိုင်ရာကိစ္စရပ်များကို စိတ်အေးချမ်းသာစွာပြုနိုင်ရန်အတွက် လိုအပ်သည်များလှူဒါန်းနေသော ဒါယကာ၊ ဒါယိကာမများရှိနေခြင်းတို့ကြောင့်ဖြစ်သည်။ ထိုသို့အလှူအတန်းပြုရာတွင် ကျောင်း၊ ဆွမ်း၊ ဆေး၊ သင်္ကန်း ပစ္စည်းလေးပါးသည် အဓိကဖြစ်သည်။ ဆွမ်းကိစ္စသည် နေ့စဉ်မပျက်လှူဒါန်းနိုင်သော်လည်း သင်္ကန်းလှူဒါန်းခြင်းမှာ (ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း စသည်ဖြင့်) အချိန်ကာလသတ်မှတ်ချက်ရှိသည်။

မြတ်စွာဘုရားရှင်ခွင့်ပြုတော်မူအပ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသောပစ္စည်းတို့အနက် ဝါတွင်းကာလအတွင်း သင်္ကန်းဖြင့်မပင်ပန်းကြစေရန် လှူဒါန်းကြရခြင်းဖြစ်သည့်အတွက် သင်္ကန်းလှူဒါန်းသူများအနေဖြင့် "ရွှေသို့အဆင်း၊ မြူကြေးကင်း၍၊ ရောင်ဝင်းထိန်ပ၊ နူးညံ့ရ၏။ မကသိန်းဖိုး၊ ပုဆိုးရလေ၊ ညိုရွှေဖြူနီ၊ ဤရှစ်လီသည်၊ ကျမ်းညီသင်္ကန်းလှူကျိုးတည်း"ဟူသော သင်္ကန်းအကျိုး ရှစ်မျိုးရရှိနိုင်သည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဝါဆိုချိန်ရောက်တိုင်း ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းတို့ကို အစဉ်အမြဲလှူဒါန်းကြသည့် ကာလဒါနကုသိုလ်ဖြစ်ခြင်းကြောင့် သောတာပန်နှယ်၊ ဂုဏ်ရည်ကြွယ်၍၊ လေးဝပါယ်ဘေး၊ လွတ်ကင်းဝေးနိုင်ကြောင်းကိုလည်း ကျမ်းဂန်အဆိုအမိန့်များအရသိရသည်။

နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူများ တူညီစွာလှူဒါန်းမှုပြုသည့်အလှူပွဲများမှာ ကြည်ညို သဒ္ဓါပွားများဖွယ်ဖြစ်သည်။ ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနားကို ဇူလိုင်လ ၆ ရက်တွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနားကို ဇူလိုင်လ ၇ ရက်တွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့်ပြည့်စုံတော်မူပြီး သက်တော်ရှည် သံဃာ့ဥသျှောင် ဆရာတော်ကြီးများကို နှစ်စဉ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းသည် မြတ်စွာဘုရားရှင်က မိုးရေခံ သင်္ကန်း(ဝါဆိုသင်္ကန်း)ဆက်ကပ်ရန် ဝိနည်းတော်နှင့်အညီ ခွင့်ပြုပေးတော်မူခဲ့သည့်အတွက် မြတ်ဗုဒ္ဓ၏အလိုတော်ကျဖြစ်ခြင်း၊ ဝါဆိုချိန်ရောက်တိုင်း ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကိုအကြောင်းပြု၍ ဆရာတော်ကြီးများအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ခွင့်ရရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်ခွင့်ရရှိခြင်းတို့မှာ ကောင်းမြတ်သည့်အခွင့်ကောင်း၊ အစဉ်အလာကောင်းများကို ထိန်းသိမ်းရာရောက်သည်။ ရည်ရွယ်သတ်မှတ်ထားသည့်အချိန်အခါရောက်တိုင်း ဆည်းပူးအားထုတ်ရသည့်အတွက် "အာစိဏ္ဏကံ" ကုသိုလ်ကိုလည်း ပြုရာရောက်ပေရာ မွန်မြတ်သည့်အလှူဒါနအဖြစ် သာဓုခေါ်ဆိုကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ လက်တွေ့ကိုင်တွယ် အသုံးပြုနည်းသင်တန်းဖွင့်လှစ်

**မိတ္ထီလာ ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များ လက်တွေ့ကိုင်တွယ်အသုံးပြုနည်းသင်တန်း (ပထမအကြိမ်)ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင်ရွေးကောက်ပွဲအရာရှိ ဒေါ်ခိုင်ခိုင်နွယ်က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ လက်တွေ့ကိုင်တွယ်အသုံးပြုနည်းသင်တန်း(ပထမအကြိမ်) ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များအသုံးပြု၍ သင်တန်းဖွင့်လှစ်ရန်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၇ ရက်မှ ၃၁ ရက်အထိ သင်တန်း (၁၀)ကြိမ်ဖြင့် သင်တန်းသား၊ သင်တန်းသူ ၉၂၀ ဦးအား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (၆၀၂)

# နတ်မောက်မြို့နယ်၌ မိုးစပါး ၂၄၉၂၅ ဧက လျာထားစိုက်ပျိုးလျက်ရှိ

**နတ်မောက် ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ဒေသအတွင်း ဆန်စပါးဖူလုံပိုလျှံရေး မိုးစပါး ၂၄၉၂၅ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ယခုအချိန်တွင် ဧက ၅၈၂၀ ပျိုးထောင်စိုက်ပျိုးလျက်ရှိပြီး လျာထားဧကပြည့်မီ၍ ကျော်လွန်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

နတ်မောက်မြို့နယ်၌ မိုးစပါးများစိုက်ပျိုးရာတွင် မနောသုခ၊ ဆင်းသုခ၊ ဧရာမင်း၊ ရတနာတိုး၊ ဆာဖိုးသာနှင့် GW-11 စပါးမျိုးများကို အဓိကထားပြီး ဒေသနှင့်ကိုက်ညီ၍ တောင်သူများစိုက်ပျိုးလိုသည့် စပါးမျိုးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာများဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း၊ အစေ့တိုက်ရိုက်ချစိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးအတွက် နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးများကို ဖြန့်ဝေပေးလျက်ရှိပြီး စိုက်နည်းစနစ်များမှန်ကန်စေရေး နည်းပညာများစနစ်တကျကူညီပေးကာ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စပါးစိုက်တောင်သူများ စိုက်ပျိုးရေပြည့်ဝစွာရရှိရေး အလှည့်ကျစနစ်ဖြင့် ရေပေးဝေခြင်းများကို တောင်သူများနှင့်ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှဝင်း**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၈-၇-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

## MWD Education, Knowledge & Sports Channel

၈-၇-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၁၃ | Grade - 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၃၄ | Grade - 4 | သင်္ချာ၊ လူမှုရေး |
| ၃။ | ၁၆:၃၄ - ၁၇:၀၆ | Grade - 4 | သိပ္ပံ |
| ၄။ | ၁၇:၀၆ - ၁၈:၁၇ | Grade - 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၈:၁၇ - ၁၉:၅၄ | Grade - 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် သရက်ချောင်းမြို့နယ်၌ မိုးစပါး ၂၆၀၁၆ ဧက စိုက်ပျိုးရန်လျာထား



ထားဝယ် ဇူလိုင် ၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၂၆၀၀၀ ကျော်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ဇွန်လကုန်အထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် သရက်ချောင်းမြို့နယ်၌ မိုးစပါးများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် တစ်ဧကပန်းတိုင် အထွက်နှုန်းရရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြမည့် အကျိုးဆောင်တောင်သူလယ်သမားများကိုလည်း လိုအပ်သည်များကူညီကာ နည်းပညာများ ဖြန့်ဝေပေးလျက်ရှိသည်။

"ဒီနှစ် မိုးစပါးစိုက်ပျိုးရာသီမှာ သရက်ချောင်းမြို့နယ်မှာ မိုးစပါး၂၆၀၁၆ ဧက စိုက်ပျိုးဖို့လျာထားပြီး ဇွန်လကုန်အထိ ၂၁၆၂ ဧက စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ ဒီနှစ်မှာ သရက်ချောင်းမြို့နယ်အတွင်း ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးမယ့်မိုးစပါးစိုက်ဧက ၁၅၀၀ ရှိပါတယ်။ ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးကြမယ့် အကျိုးဆောင်တောင်သူလယ်သမားတွေကို ဆင်းသုခ၊ GW-11 စတဲ့မျိုးစပါးတွေ အခမဲ့ဖြန့်ဝေပေးပြီး MOGE က ထုတ်လုပ်တဲ့ ယူရီးယားဓာတ်မြေဩဇာတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ဖြန့်ဖြူးရောင်းချပေးနေပါတယ်" ဟု သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းကပြောသည်။

သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ဒေသဝမ်းစာဖူလုံရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် အကျိုးဆောင်တောင်သူလယ်သမားများကို မျိုးစပါးများ၊ သွင်းအားစုများနှင့် စိုက်ပျိုးရေးနည်းပညာများ ကူညီပေးခြင်းအပြင် စိုက်ပျိုးထုတ်လုပ်မှုအထောက်အကူပြု AI ဉာဏ်ရည်တုနည်းပညာ ပြန့်ပွားရေးလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

မိုးစပါးကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးခြင်းဖြင့် ဒေသတွင်းသာမက နိုင်ငံအတွင်းပါ ဆန်စားသုံးမှုဖူလုံစေမည့်အပြင် ဆန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အကျိုးပြုစေမည်ဖြစ်ကာ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းဦး

# မြိတ်မြို့နယ်၌ မိုးစပါးအထွက်နှုန်းတိုးတက်စေရေး စိုက်ဧကများပြည့်မီစေရေးနှင့် စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်စေရေး အသိပညာပေးဆွေးနွေး

မြိတ် ဇူလိုင် ၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင်လ ၆ ရက်က မိုးစပါးအထွက်နှုန်းတိုးတက်စေရေး၊ စိုက်ဧကများပြည့်မီစေရေးနှင့် စိုက်ပျိုးနည်းစနစ်များပြောင်းလဲစိုက်ပျိုးနိုင်စေရေး အသိပညာပေးဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက ဒေသခံတောင်သူများအား ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးအထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် စိုက်ဧကများပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ မိုးစပါးစိုက်ပျိုးသည့်အခါ ကြဲပက်စနစ်ကိုအသုံးမပြုဘဲ အထွက်နှုန်းကောင်းမွန်သည့် သိပ္ပံနည်းကျစိုက်စနစ်များဖြစ်သည့် ပေါင်ပျိုး၊ ရိုးရိုးပျိုး၊ တိုက်ရိုက်မျိုးစေ့ချကိရိယာအသုံးပြု၍ တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းဖြင့် စပါးအထွက်နှုန်းကောင်းမွန်မည်ဖြစ်သောကြောင့် ဖော်ပြပါစိုက်နည်းစနစ်များဖြင့် မျိုးကောင်းမျိုးသန့်အသုံးပြုစိုက်ပျိုးကြရေးနှင့်မျိုးစပါးများသန့်စင်လိုပါကလည်း စိုက်ပျိုးရေးဦးစီးဌာနမှ အခမဲ့သန့်စင်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စန္ဒဝတ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က စန္ဒဝတ်ကျေးရွာအုပ်စုသည် စံပြကျေးရွာအုပ်စုသတ်မှတ်ထားသော ဧရိယာအတွင်း ပါဝင်သည့်လယ်သမားများအား စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားထားသော စိုက်ပျိုးရေးနည်းလမ်းများအတိုင်း ဧကပြည့်မီစွာစိုက်ပျိုးကြရန်၊ ယခုကဲ့သို့ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရအဖွဲ့အား စိုက်ပျိုးစရိတ်၊ သွင်းအားစုများပေးအပ်နိုင်ရန် တောင်းခံပေးထားသည့်အတွက် လယ်သမားများအနေဖြင့် အလေးထားပြီး စိုက်ပျိုးနည်းစနစ်နှင့် စိုက်ဧကများကို ကြိုးစားစိုက်ပျိုးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် စန္ဒဝတ်ကျေးရွာအုပ်စုအတွင်းမှ ဒေသခံတောင်သူများက မိမိတို့သိရှိလိုသည့် စိုက်ပျိုးရေးဆိုင်ရာအကြောင်းအရာများကို မေးမြန်းဆွေးနွေးရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ (၄၁၂)

# ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း) မြို့နယ် အမှတ်(၃၅) ရပ်ကွက် ဘုရင့်နောင်လမ်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ် ရေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီမှ ဦးဆောင်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်ရှိသောအမှိုက်၊ ပလတ်စတစ်အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများအတွင်းသို့ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာအသိပညာပေးခြင်းနှင့် သရုပ်ပြပွဲကို ဇူလိုင်လ ၇ ရက်တွင် ကျင်းပသည်။


ရှေးဦးစွာ မြို့နယ်အတွင်းနေထိုင်သူများ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်ရှိသောအမှိုက်၊ ပလတ်စတစ်အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများအတွင်းသို့ စနစ်တကျခွဲခြားစွန့်ပစ်နိုင်ရေး မြို့နယ်စည်ပင်သာယာရေးကော်မတီ (သန့်ရှင်းရေးဌာန) မှ တာဝန်ခံနှင့်အဖွဲ့က သရုပ်ပြကြသည်။

ထိုကဲ့သို့ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲပြုလုပ်ပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်တွင် ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချပေးနိုင်ခြင်း၊ အမှိုက်ပမာဏကို လျှော့ချနိုင်ခြင်းနှင့် ပြန်လည်အသုံးပြုနိုင်ရန်အခွင့်အလမ်း အများအပြားရရှိနိုင်ခြင်းတို့အပြင် လူသားတို့နေထိုင်ရာ ကမ္ဘာ့မြေထု၊ လေထု၊ ရေထုအတွင်း မှီတင်းနေထိုင်သည့် သက်ရှိသတ္တဝါများအတွက် အစာကွင်းဆက်ကောင်းမွန်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

မြင့်မြင့်ရီ

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထိုအချိန်တွင် အခြားလူများသည် တွဲပေါ်မှခုန်ချပြေးကြပြီဖြစ်၍ ကျွန်ုပ်တို့ နှစ်ယောက်တည်း ကျန်ရစ်တော့သည်။ ရထားတွဲမှာ လူစီးတွဲမဟုတ်။ ကုန်တွဲမျှသာဖြစ်ရာ ကျွန်ုပ်သည် အပေါက်အနီးသို့ ချဉ်းကပ်၍ 'ဝီ ဝီ ဝီ ဝီ' ကြားရသောနေရာသို့ ရှာကြည့်လိုက်သည်။ မီးနီလေးတစ်ပွင့်သည် ကျွန်ုပ်တို့၏ အနောက်တောင်ဘက်ဆီမှ အရှေ့ဘက်သို့ တရွေ့ရွေ့သွားလျက်ရှိရာ ဤလမ်းအတိုင်း ဖြောင့်ဖြောင့်တန်းတန်းသွားမည်ဆိုလျှင် ကျွန်ုပ်တို့ ဦးခေါင်းပေါ်သို့ တည့်တည့်မရောက်ဘဲ တောင်ဘက်နားမှ ပွတ်ကပ်သွားလိမ့်မည်ဟု ကျွန်ုပ်ခန့်မှန်းမိသည်။ သို့နှင့် ကိစ္စမရှိနိုင်ဆိုကာ နေမြဲတိုင်းနေလိုက်ရာ 'ဝီ ဝီ ဝီ ဝီ' အသံသည် မြည်သည်ထက် မြည်လာသော်လည်း မီးနီပွင့်လေးသည် ကျွန်ုပ်တို့၏ တောင်ဘက် တစ်တောင်ခန့်တွင် ပွတ်သီလျက် အရှေ့ဘက်သို့ ရွေ့သွားတော့သည်။ ကောင်းကင်၌ တစ်တောင်လောက်ဟူသည်မှာ မြေပြင်ပေါ်၌ ကိုက်ပေါင်းများစွာဝေးသည်ဟု ကျွန်ုပ်နားလည်ပြီးဖြစ်သောကြောင့် ပြောပလောက်အောင် တုန်လှုပ်ခြင်းမရှိ၊ လမ်းမပြောင်းပါစေနှင့်ဟူ၍သာ ဆုတောင်းမိပါတော့သည်။

တော်ပါသေး၏။ ကျွန်ုပ် မျှော်လင့်သည့်အတိုင်း မီးနီပွင့်လေးသည် လမ်းပြောင်းလဲခြင်းမရှိဘဲ အရှေ့စူးစူးသို့ တရွေ့ရွေ့သွားလျက်ရှိရာ မကြာမီ အရှေ့တောင်တန်းသို့ ရောက်သွားခဲ့လေပြီ။ ကျွန်ုပ်ကား မျက်ခြည်ပြတ်မခံဘဲ မီးနီကိုစိုက်၍ လိုက်ကြည့်နေ၏။ တောင်တန်းသို့ ရောက်သော် မီးနီပွင့်လေးသည် မြောက်ဘက်သို့ ကွေ့ချိုး၍ အနောက်ဘက်သို့ လှည့်ပြန်လာခဲ့ရာ ကျွန်ုပ်၏ မျက်မှန်းအရ ကျွန်ုပ်တို့ မြောက်ဘက်ဆီမှ ပွတ်ကပ်သွားလိမ့်မည်ဟု ထင်မိသည်။ ဤတစ်ခေါက်တွင် မီးနီပွင့်လေးသည် ဖြောင့်တန်းစွာမလာဘဲ တောင်ဘက်သို့တစ်လှည့်၊ မြောက်ဘက်သို့တစ်လှည့် ဦးလှည့်ကာရွေ့လာလေရာ ကျွန်ုပ်မှာ လမ်းကြောင်းလွတ်မည်၊ မလွတ်မည်ကိုခန့်မှန်းရန် မတတ်နိုင်ဘဲရှိတော့သည်။

မီးနီပွင့်လေးသည် ကျွန်ုပ်တို့၏ အရှေ့ဘက်တွင် ကောင်းကင်၌ ငါးတောင်ခန့် ကွာလှမ်းတော့သည်ထင်ရ၏။ ထိုနေရာမှ ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်တည့်တည့်သို့ရောက်အောင် အချိန် ၁၀ စက္ကန့်လာကောင်းလာရပေမည်။ ယခုလမ်းကြောင်းအတိုင်း တည့်တည့်ကြီးလာမည်ဆိုလျှင် ကျွန်ုပ်တို့၏ ဦးခေါင်းထက်သို့ ရောက်တော့မည် ဧကန်ဖြစ်သည်။ ငါးတောင်ခန့်မှ လေးတောင်၊ ထို့နောက် သုံးတောင်မျှကွာလှမ်းတော့ရာ ကျွန်ုပ်သည် မီးနီပွင့်ကို မော့ကြည့်နေစဉ် ဗုံးကြဲချလျှင် ကြိုကြိုတင်တင်ဖြုတ်ချရသည်ဟု ဖတ်ရဖူးသောကြောင့် ပျော်ဘွယ်ဘူတာရုံကိုဗုံးချလျှင် ယခုအချိန်၌ ဖြုတ်ချနေတော့မည်ဟု သတိရ၏။ ထို့ကြောင့် တစ်စုံတစ်ရာမြင်ရချေမည်လောဟု စူးစူးစိုက်စိုက်ကြည့်မိပါသေးသည်။ တစ်စုံတစ်ရာမျှ မမြင်ရချေ။ သို့ရာတွင် မမြင်ရသောကြောင့် ဗုံးမချဟူ၍ မဆိုနိုင်ရသေးကား ရင်ထဲ၌ တဒိန်းဒိန်း လှုပ်ခုန်လျက်ရှိပါတော့သည်။ သုံးတောင်ကွာလှမ်းရာမှ နှစ်တောင်၊ ထို့နောက် တစ်တောင်ကွာလှမ်းရာမှ ခေါင်းပေါ်သို့တည့်တည့်ကြီး ရောက်လာသည်နှင့်တစ်ပြိုင်နက် 'ဗုန်း ဗုန်း ဂျုန်း' ဟူသော အသံကြီးဖြစ်ပေါ်၍ "ဟိုက် သွားပပဟ၊ သောက်ကျိုးနည်းပြီ"ဟု လွှတ်ခနဲဆိုလိုက်မိပါသေးသည်။ သို့သော် ဘယ်ဆီကမှ ဘာမှမဖြစ်ဘဲ အသံစဲသွားခဲ့သည်နှင့် အနီး၌ရှိသော အထည်သည်ကြီးအား "ဘာဖြစ်တာလဲဗျ လန့်လိုက်တာ" ဟု မေးရာ "ခင်ဗျားလန့်တာ တော်တော်၊ ကျုပ်ဖြင့် လိပ်ပြာထွက်သွားပြီတောင် ထင်လိုက်တော့တာပဲ" ဟု ပြန်ပြော၏။ စုံစမ်းကြည့်သောအခါ တွဲတစ်တွဲတွင် မှီလျက်ထောင်ထားသော သံပြားကြီးတစ်ချပ်ကို ထိုအချိန်တွင် အလန့်တကြားဆင်းပြေးသော လူတစ်စုက တိုက်မိသောကြောင့် လဲပြိုကျခြင်းဖြစ်သည်ဟု သိရပါတော့သည်။

## ငိုအားထက် ရယ်အားသန်

**"လောက၌ ရယ်စရာများနှင့် ငိုစရာများသည် တစ်ခါတစ်ရံတွင် လက်တွဲ၍ ပေါ်လာတတ်သည်ဖြစ်ရာ ငိုစရာနှင့်ကြုံရသော ကာယကံရှင်သည် ရယ်စရာကိုမမြင်တတ်ဘဲ နံဘေးကလူများကသာ မြင်တတ်ကြ၏။ အချို့မှာ ငိုစရာကြုံခိုက်တွင် ရယ်စရာကို လုံးဝမမြင်တတ်။ အချို့လည်း မြင်တတ်၏။ ငိုစရာကြုံရဆဲတွင် ရယ်ရန် မဖြစ်နိုင်စေကာမူ ရယ်စရာဟူ၍ လှမ်းမြင်နိုင်သောလူများသည် လူတော်များဖြစ်ကြသည်ဟု ဆိုရမည်ထင်သည်. . ."**

လောက၌ ရယ်စရာများနှင့် ငိုစရာများသည် တစ်ခါတစ်ရံတွင် လက်တွဲ၍ ပေါ်လာတတ်သည်ဖြစ်ရာ ငိုစရာနှင့်ကြုံရသော ကာယကံရှင်သည် ရယ်စရာကို မမြင်တတ်ဘဲ နံဘေးကလူများကသာ မြင်တတ်ကြ၏။ အချို့မှာ ငိုစရာကြုံခိုက်တွင် ရယ်စရာကို လုံးဝမမြင်တတ်။ အချို့လည်း မြင်တတ်၏။ ငိုစရာကြုံရဆဲတွင် ရယ်ရန် မဖြစ်နိုင်စေကာမူ ရယ်စရာဟူ၍ လှမ်းမြင်နိုင်သောလူများသည် လူတော်များဖြစ်ကြသည်ဟု ဆိုရမည်ထင်သည်။

ပျော်ဘွယ်ဘူတာ၌ လေယာဉ်ပျံသွားပြီး၍ စက်ခေါင်းကို မီးထိုးပြီး ရထားထွက်တော့မည်ပြုရာတွင် ခရီးသည်များသည် ကိုယ့်တွဲသို့ကိုယ် အသီးသီးရောက်ကြသော်လည်း ဘဇံ၏ညီ ချစ်ဆွေတစ်ယောက်ကား မရောက်လာသေးချေ။ ဘဇံသည်တွဲပေါ်မှ တကြော်ကြော်ဟစ်ခေါ်လျက်ရှိ၏။ သို့သော် ချစ်ဆွေကား မပေါ်လာချေ။ ဤတွင် ဘဇံသည် အလွန်စိတ်ပူလာ၍ တွဲပေါ်မှ ခုန်ဆင်းပြီးလျှင် ရထားနံဘေးမှ ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ "ချစ်ဆွေရေ၊ ဟေ့ ချစ်ဆွေ၊ ချစ်ဆွေ" ဟု ခေါင်းမှအမြီးရောက်အောင် အသွားအပြန် ဟစ်ခေါ်လျက်ရှိ၏။ ကျွန်ုပ်ရှိသောတွဲအနီးသို့ရောက်သောအခါ၌မူ "တယ်ခွကျတဲ့ ကောင်ကလေးကိုး၊ ဘယ်ဆီများ လျှောက်သွားနေပါလိမ့်၊ ခက်လိုက်တာဗျာ"စသည်ဖြင့် ညည်းသေး၏။ ဤနည်းဖြင့် နှစ်ခေါက်သုံးခေါက်လျှောက်၍ ဟစ်ခေါ်ပြီးလတ်သော် ဘဇံ၏ ညည်းညူခြင်းများသည် ကျွန်ုပ်၏နားထဲ၌ ရယ်စရာတစ်ခု ထင်လာတော့၏။ "ဟေ့ကောင် လာပါလိမ့်မယ်ကွာ၊ ငယ်တဲ့ကလေးမှမဟုတ်ဘဲ၊ ဒီလောက်ဟစ်ခေါ်မနေပါနဲ့"ဟု ကျွန်ုပ် ပြောသော်လည်း ဘဇံက "ခွကျလိုက်တာ အစ်ကိုကြီးရာ၊ ဘယ်ဆီထိအောင်များ သွားပုန်းပါလိမ့်၊ ခုတောင် ပေါ်မလာသေးဘူး၊ ချစ်ဆွေရေ ဟေ့ ချစ်ဆွေ"ဟု ဆက်လက်ဟစ်ခေါ်ပြန်လေရာ ကျွန်ုပ်မှာ အူယားလာသဖြင့် အသံထွက်၍ ရယ်မိမည်စိုးသောကြောင့် အတော်ချုပ်ထားရ၏။

ဘဇံနှင့်ချစ်ဆွေမှာ ညီအစ်ကိုအရင်းဖြစ်၍ ကျွန်ုပ်နှင့်ကား ဝမ်းကွဲမျှသာတော်ကြသည် မှန်၏။ သို့ရာတွင် ကျွန်ုပ်အဖို့မှာမူ ညီအစ်ကိုအရင်းပင် ဖြစ်စေဦးတော့ အသက် ၂၀ ကျော်ပြီဖြစ်သော ယောကျ်ားလေး တစ်ယောက်အတွက် ဤအခြေအနေမျိုး၌ ဘဇံကဲ့သို့ သောကရောက်လိမ့်မည်မဟုတ်ချေ။ လေယာဉ်ပျံက ဗုံးချခဲ့သည်လည်းမဟုတ်သောကြောင့် စိုးရိမ်ကြီးစရာမရှိ။ တစ်တွဲတွဲသို့ တက်လိုက်ခဲ့လိမ့်မည်။ သို့မဟုတ်လျှင်လည်း တစ်နည်းနည်းဖြင့် ဝက်လက်သို့ ပြန်သွားနိုင်လောက်သည်ဟု တွက်ယူလိမ့်မည်ဖြစ်လေသည်။

## ကြောက်အားကြီးသော ချစ်ဆွေ

ဘဇံတို့အဖို့ ကံကောင်းသည်မှာ ရထားစက်ခေါင်းသည် မီးပေါင်မပြည့်သေးသောကြောင့် လေးငါးခေါက်မျှ ခေါက်တုံ့ခေါက်ပြန် ဘဇံလျှောက်ပြီးသည့်တိုင်အောင် ချစ်ဆွေမပေါ်လာသေးသော်လည်း ရထားမထွက်သေးချေ။ "ချစ်ဆွေရေ ဟေ့ ချစ်ဆွေ၊ ဘယ်ကလဲဟ၊ သေနေပြီလားဟ"စသည်ဖြင့် ဘဇံက ဆူလျက်ရှိရာ အခြားခရီးသည်များလည်း ရယ်ကုန်ကြပြီထင်သည်။ နောက်ဆုံးတွင်မှ ရထားအမြီးဘက်ဆီမှ "ခင်ဗျာ" ဟူသော အသံကလေး သဲ့သဲ့ကြားလိုက်ရ၍ မောကြီးပန်းကြီးနှင့် ပြေးလာသော ချစ်ဆွေကို မြင်ကြရသည်။ "တယ် ငါလုပ်လိုက်ရကွာ"ဟု ဘဇံ လက်သီးနှင့်ရွယ်သဖြင့် ကျွန်ုပ်က ဟန့်တားလိုက်ရပြီး "ဟဲ့ကောင်လေး ဘယ်ဆီပျောက်နေတာလဲ" ဟုမေးရာ လေယာဉ်ပျံလာသည်ဆိုကတည်းက ရထားလမ်းအတိုင်း တန်းပြေးပြီး ရေအိုင်တစ်ခုတွေ့၍ ဆင်းငုပ်နေကြောင်း၊ မိမိအား ဟစ်ခေါ်သံများကို လုံးဝမကြားမိကြောင်းပြော၍ ကျွန်ုပ်က "ဘယ်လောက်ဝေးဝေးပြေးသနည်း" ဟု မေးရာ ကြေးနန်းဆယ်ခန်း (မိုင်တစ်ဝက်) လောက်ဝေးကြောင်းပြောသည်နှင့် "ဝက်လက်ထိအောင် ပြန်မပြေးဘဲကိုးကွ"ဟု ပြောလိုက်ရသေးသည်။ ထိုခေတ်က ရထားများထုံးစံအတိုင်း နေ့တွင်နား၍ ညတွင်ခုတ်ခြင်းအားဖြင့် နှစ်ရက်မြောက်သောညတွင် ရန်ကုန်သို့ ဆိုက်ရောက်ကြလေ၏။

## ခြားနားချက်တစ်ခု တွေ့ရပုံ

ဤတစ်ခေါက်တွင် မည်သူ့အိမ်၌မျှ မတည်းဘဲ ကျုံးကြီးလမ်း တရုတ်ဟိုတယ်တစ်ခု၌ တည်းခိုကြပြီးလျှင် နံနက်တွင် ဆေးဆိုင်များကို စုံစမ်းကြည့်ကြ၏။ ရန်ကုန်မြို့သည် ယခင်တစ်ခေါက်ထက် စည်ကားသည်မှန်သော်လည်း ဆေးဆိုင်များမူကား ပြန်၍မဖွင့်ကြသေးချေ။ စုံစမ်းကြည့်သောအခါ ကျွန်ုပ်၌ပါသော ဆေးလုံး၊ ဆေးပြားများကို သထုံမြို့၌ လိုအပ်လျက်ရှိသည်ဟု တစ်ယောက်ကပြော၏။ ဘဇံကလည်း (မည်သည့်ပစ္စည်းမျိုးကို လိုချင်သည်ဟူ၍ ကျွန်ုပ်မေ့နေပြီ။) သထုံမြို့၌ ရှိတတ်သည်ဟု သတင်းကြားသည်နှင့် သထုံသို့သွားကြဖို့ ဆုံးဖြတ်ကြ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သုံးယောက်သည် ရထားနှင့် လိုက်သွားကြ၍ တပို့တွဲလပြည့်နေ့ နံနက်စောစောတွင် ကျိုက်ထိုဘူတာသို့ ဆိုက်ရောက်ကြလေ၏။ မိုးလင်းပြီဖြစ်၍ ရထားဆက်လက်မခုတ်သောကြောင့် ဤဘူတာ၌ ဆင်းကြရသည်။ ဤနေရာ၌ ကျွန်ုပ်အဖို့ အလွန်အံ့သြမိသောအခြင်းအရာတစ်ခု တွေ့ကြုံရခြင်းကို ဖော်ပြရဦးမည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် သရုပ်ပြပွဲကျင်းပ

ကြာအင်းဆိပ်ကြီး ဇူလိုင် ၇

သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် သရုပ်ပြပွဲကို ဇူလိုင်လ ၆ ရက်က ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးက ခင်းကျင်းပြသထားသည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် ပတ်သက်၍ လိုက်လံပြသကာ ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၂)ရပ်ကွက် စိုက်ပျိုးရေးဦးစီးဌာနရုံးအနီးရှိ ရေကန်အတွင်း၌ ရေပြင်သက်ကယ် ကယ်ဆယ်ရေးကို လက်တွေ့သရုပ်ပြသပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်လူနာများအား အရေးပေါ်ကုသမှုကို လက်တွေ့ သရုပ်ပြသကြောင်း သိရသည်။



ချမ်းမြေ့

# အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၃)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကျင်းပ




ရန်ကုန်  ဇူလိုင်  ၇

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၃)ကြိမ်မြောက်အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Melia Hotel ၌ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mrs. Aya Saad Mohamed Abdelkarim နှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ညှော်ခံပွဲတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြပြီး သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် သံအမတ်ကြီးတို့သည် အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၃)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ကြသည်။

ဆက်လက်၍ သံအမတ်ကြီးက ညှော်ခံပွဲတက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်းသိရသည်။ **မြဝတီ**

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသား)ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ



ထားဝယ်  ဇူလိုင်  ၇

ထားဝယ်ခရိုင်အတွင်း မုန်တိုင်းဘေးအန္တရာယ်နှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အထိရောက်ဆုံးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်နိုင်ရန်၊ တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ဇမ္ဗူသီရိအရေးပေါ်လူနာကူညီသယ်ဆောင်ရေးအဖွဲ့၊ လူမှုရေးအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ မုန်တိုင်းဘေးအန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

ဇာတ်တိုက်လေ့ကျင့်နေမှုကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပူးပေါင်းအဖွဲ့များက မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်သော မိုးလေဝသသတင်းအခြေအနေများကို စဉ်ဆက်မပြတ်နားထောင်ရန် အသိပေးကြေညာခြင်း၊ သဏ္ဌာန်တူဆောင်ရွက်ထားသည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ Multi-Purpose Shutter သို့ ပြောင်းရွှေ့ကြရန်ကြေညာခြင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကလေးမိခင်များ၊ မသန်စွမ်းသူများအား ကူညီရွှေ့ပြောင်းပေးခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသည်တို့ကို မုန်တိုင်းဘေးအန္တရာယ် သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက် ၂၅ နှစ်အောက် (အမျိုးသား) ဖူဆယ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ ဖူဆယ်အားကစားခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး သရက်ချောင်းမြို့နယ်အသင်းနှင့် လောင်းလုံးမြို့နယ်အသင်းတို့၏ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြရာ လောင်းလုံးမြို့နယ်အသင်းက ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိသည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် (အမျိုးသား)ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်းရှစ်သင်းဖြင့် အုပ်စုများခွဲ၍ ဇူလိုင်လ ၁၀ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၁၅)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များအား ကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန်  ဇူလိုင်  ၇

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)ကကျင်းပသော (၁၅)ကြိမ်မြောက် ဟာသပညာရှင်ကြီးများအားကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၈)ရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ကန်တော့ခံသက်ကြီးဟာသပညာရှင်များ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)မှ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဟာသပညာရှင်များ၊ အနုပညာနယ်ပယ်အသီးသီးမှ အနုပညာရှင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၏ လှုပ်ရှားမှုမှတ်တမ်း Video Clip ကိုဖွင့်လှစ်ပြသပြီး မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဂုဏ်ပြုတေးသီချင်းဖြင့် အစည်းအရုံးဝင်များက ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)သို့ ပြန်ကြားရေးဝန်ကြီးဌာနက အလှူငွေကျပ်သိန်း ၅၀ အား ဒုတိယဝန်ကြီး ဦးရဲတင့်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ အား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်ကလည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အလှူငွေကျပ်သိန်း ၂၀ အားလည်းကောင်း၊ အလှူရှင်များက အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဟာသတစ်သက်တာဆုရရှိကြသည့် အကယ်ဒမီ ဦးမိုးဒီ၊ ဦးဖိုးဆောင်း၊ ဦးစံမိုး၊ ဦးတိမ်ညွှန့်၊ ဦးပေါ်လေး၊ ဦးဥသြ၊ ရေဒီယို ဦးမန်းကျော်နှင့် ဦးရွှေဂဲတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဟာသဖန်တီးမှုထူးချွန်ဆုရရှိသည့် ဒါရိုက်တာကျော်ဇောလင်း(အတွေးပုံရိပ်)နှင့် ဟာသထူးချွန်ဆုရရှိသည့် အကယ်ဒမီများရှင်ရန်အောင်တို့အားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီး ဦးငွေအောင်က ပရဟိတထူးချွန်ဆုရရှိသည့် ဖြူဖြူထွေး၊ ဟာသပညာထူးချွန်ဆုရရှိသည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီကျော်ကျော်ဗိုလ်၊ ဟာသထူးချွန်ဆုရရှိသည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် စိုးမြတ်သူဇာတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးဒိန်းဒေါင်က မျိုးဆက်သစ်ဟာသထူးချွန်ဆုရရှိသည့် သာတီတူးကိုလည်းကောင်း၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး (ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးအုန်းသီးက ဟာသထူးချွန်ဆုရရှိသည့် ဝိုင်းချစ်၊ ပရဟိတထူးချွန်ဆုရရှိသည့် ဦးချစ်စံနှင့်ဦးဒေါင်းရှိန်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) အကြံပေးနာယက ဦးငြိမ်းချမ်းက ပရဟိတထူးချွန်ဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးပေါ်ပေါ်အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ကြီးဟာသအနုပညာရှင်ကြီးများအား ပူဇော်ကန်တော့ကြပြီး ကန်တော့ခံသက်ကြီးဟာသအနုပညာရှင်များကိုယ်စား သက်ကြီးဟာသအနုပညာရှင် အကယ်ဒမီ ဦးမိုးဒီက ကျေးဇူးတင်စကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်း ငါးပိမျိုးစုံပိဿာ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဇူလိုင် ၇


ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငါးပိမျိုးစုံပိဿာအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ရီရီဝင်း၏ပြောကြားချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်းက ဒေသထွက် ငါးပိမျိုးစုံပိဿာ ၇၈၀၀၀ အထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ငါးပိမျိုးစုံပိဿာ ၁၅၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသထွက်ငါးပိမျိုးစုံကို ရန်ကုန် ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့် တင်ပို့အားမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လတစ်လတာကာလအတွင်း ငါးပိမျိုးစုံပိဿာ ၁၅၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဒေသထွက်ငါးပိတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ဒေသထွက်ငါးပိမျိုးစုံထုတ်လုပ်တဲ့အခါ သန့်ရှင်းမှုကို အားထားလုပ်ကိုင်ထားတဲ့အတွက် စားသုံးသူတွေကြိုက်နှစ်သက်မှုရှိတဲ့အပြင် ဝယ်ယူမှုများပြားလာပါတယ်။ ဒေသထွက်ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုလို အရောင်းအဝယ်လည်းကောင်း ဈေးကောင်းလည်းရရှိလာလို့ ငါးပိလုပ်ငန်း လုပ်ကိုင်တဲ့သူတွေအားလုံး အဆင်ပြေလာပါတယ်"ဟု ဒေါ်ရီရီဝင်းကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့ငါးပိ ၊ ငါးခုံးမငါးပိ၊ ငါးပနော် ငါးပိ၊ ငါးပြေမငါးပိ စသည့် ရေချိုငါးပိများ အများဆုံးတင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါ ငါးပိများမှာ အမျိုးအစားအလိုက် ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

**သုတကျော်**




# ကမာရွတ်မြို့နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ပန်းချီပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇူလိုင် ၇



ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့်ကဗျာပြိုင်ပွဲများ ကို ဇူလိုင်လ ၇ ရက်တွင် ကျင်းပသည်။

ထို့နောက် (၇၈)နှစ်မြောက် အာဇာနည် နေ့အထိမ်းအမှတ် ပြိုင်ပွဲများဖြစ်သည့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့်ကဗျာ ပြိုင်ပွဲတို့ကျင်းပရာ ပြိုင်ပွဲများသို့ မြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများ မှ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက် ယှဉ်ပြိုင်ကြသည်။

စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်း အဆင့်မှ ကျောင်းသား၊ ကျောင်းသူ ၂၈ ဦး၊ ပန်းချီပြိုင်ပွဲတွင် အခြေခံပညာအထက် တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလ တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၅၁ ဦး၊ကဗျာပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်း သူ ၁၈ ဦး စုစုပေါင်း ၉၇ ဦး ပါဝင်ယှဉ်ပြိုင် ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရ သည်။

**စိမ်းလဲ့(မြို့နယ် ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်၌ အိမ်ထောင်စုစာရင်း နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေးခြင်းနှင့် Biometric စာရင်းကောက်ယူခြင်းတို့ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံခရိုင် မင်္ဂလာဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် လူမှုဘဝပြည့်စုံဖို့ နိုင်ငံသား ကတ်ကိုင်ကြစို့ ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေး ခြင်းနှင့် Biometric စာရင်းကောက်ယူခြင်းတို့ကို ဇူလိုင်လ ၆ ရက်က မြို့ပေါ်ရပ်ကွက်များသို့ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူမောင် နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ရပ်ကွက်အတွင်းရှိ ပြည်သူ များအား အိမ်ထောင်စုစာရင်းစိစစ်ဆောင်ရွက်ခြင်းနှင့်နိုင်ငံသား စိစစ်ရေးကတ်များထုတ်ပေးခြင်း၊ Biometric စာရင်းကောက်ယူ ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြသည်။

အဆိုပါပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အသက် ၁၆-၁၈ နှစ် ကြား နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်ရသေး သူများအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရ သည်။

**မင်းသိန်းထွန်း**

# ကျောက်ပန်းတောင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ယိုမျိုးစုံပြုလုပ်နည်းသင်တန်းဖွင့်လှစ်



ကျောက်ပန်းတောင်း ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်း တောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ယိုမျိုးစုံပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၇ ရက်တွင် အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က အဖွင့်အမှာစကားပြော ကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေး အေးသက်က သင်တန်းဖွင့်လှစ်ပေးရခြင်း ၏ရည်ရွယ်ချက်များနှင့်သင်တန်းစည်းကမ်း များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြဆရာမ ဒေါ်နန်းမြင့်ဦးက မိတ်ဆက်စကားပြော ကြားပြီး သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားသည်။

ယိုမျိုးစုံပြုလုပ်နည်း သင်တန်းကို ဇူလိုင်လ ၇ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း အခမဲ့သင်ကြားပေးလျက်ရှိရာ သင်တန်း သို့ ကျေးရွာအသီးသီးမှ သင်တန်းသူ ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ် ရေးမှူး ဦးသန်းလွင်နှင့်အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ သင်တန်း နည်းပြနှင့် သင်တန်းသူများတက်ရောက် ကြကြောင်း သိရသည်။ **သဲသဲ(ပြန်/ဆက်)**

➤ **စာမျက်နှာ ၇ မှအဆက်**

ဝါးအဆစ်ဖြတ်ပိုင်းဖြင့် ပျိုးထောင်ရာတွင် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်ပါက ဝါးအဆစ်ဖြတ်ပိုင်းပျိုးပင်များ ပျိုးထောင်နိုင်မည်ဖြစ်သည်-


- ➡ တစ်နှစ်/တစ်နှစ်ခွဲ သက်တမ်းရှိဝါးပင်(မိခင်ပင်)၏အလယ်ပိုင်းရှိဝါးအဆစ်ပိုင်းများကို အသုံးပြုရသည်။ အဖျားပိုင်းနှင့်အရင်းပိုင်းမှ အဆစ်များမရွေးချယ်ရပါ။
- ➡ ဖြတ်တောက်ပြီးအဆစ်ပိုင်းများကို ပျိုးထောင်မည့်နေရာသို့ သယ်ဆောင်ရာတွင် ရေစိုဝတ်ဖြင့် ပတ်ထားရန်လိုအပ်မည်။
- ➡ အဆစ်နှစ်ဆစ်ကြား အလယ်တွင် အပေါက်ဖောက်၍ ရေ သို့မဟုတ် အပင်အားဆေးရည်ထည့်၍ ပျိုးထောင်ရသည်။
- ➡ မြေကြီးတွင် ဝါးအဆစ်များမြုပ်ရုံအနက်ထား၍ အပေါ်မှ ကောက်ရိုးများဖုံး၍ တစ်နေ့ရေနှစ်ကြိမ်လောင်းပေးရသည်။
- ➡ ရက်သတ္တနှစ်ပတ်ခန့်တွင် အညွန့်နှင့်အရွက်များထွက်လာပြီး တစ်လခန့်ကြာသော် အမြစ်ကောင်းစွာဖွံ့ဖြိုးလာပြီး ဝါးပျိုးပင်ငယ်များရရှိပြီး ပျိုးအိတ်တွင် သို့မဟုတ် မြေချ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

**ဝါးပျိုးထောင်စိုက်ပျိုးရာတွင် လိုက်နာရမည့်အချက်များ**

အောက်ပါအဓိကအချက်များကို လိုက်နာဆောင်ရွက်ပါက ဝါးမျိုးပွားပျိုးထောင်စိုက်ပျိုးခြင်းကို ကောင်းစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်-

- ➡ (ပျိုးထောင်ချိန်) ဝါးမျိုးပွားခြင်းကို ပွင့်လင်းရာသီ (ဝါးမြေအောက်ပင်စည်ပိုင်း နိုးကြားနေချိန်) ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် ပြုလုပ်ပါ။
- ➡ (ဝါးပင်အသက်) ဝါးမျိုးပွားနည်းအလိုက် ရှိသင့်သည့် မိခင်ဝါးပင်၏ အသက်ကို (သတ်မှတ် အသက်ထက်မကျော်ရန်) ဂရုပြုရွေးချယ်ပါ။
- ➡ (ရှင်သန်ခြင်း) ပျိုးထောင်သည့် ဝါးပင်သည် အညွန့်ထွက်ရုံဖြင့် ရှင်သန်သည်ဟု မဆိုနိုင်ပါ။ မြေအောက်အမြစ်ဆုံ၊ အဆစ်ဘေးမျက်စိဖူးများမှ (မျှစ်) ဝါးပင်ငယ်ထွက်လာမှသာ ရှင်သန်သည်ဟု ဆိုနိုင်သည်။ ဝါးအား ခန္ဓာပိုင်းမျိုးပွားခြင်းဆောင်ရွက်ရာတွင် ပျိုးပင်များမှ အပင်သစ် (မျှစ်) ထွက်ရှိအောင် ရေမှန်မှန်လောင်းပေးခြင်း၊ စိုထိုင်းဆရရှိအောင် ဆောင်ရွက်ပေးခြင်း၊ အရိပ်စင် ပြုလုပ်ပေးခြင်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။
- ➡ ပျိုးထောင်စိုက်ပျိုးချိန်မှန်ကန်ရန် ဝါးပျိုးပင်များကို ၄က်ပျောကဆုန်၊ ဝါးနယုန်ဆိုသည့်အတိုင်း ကဆုန်လ (ဖွန်လ) ထက် နောက်မကျစေဘဲ ပျိုးထောင်စိုက်ပျိုးသင့်သည်။
- ➡ ပျိုးထောင်ထားသော ဝါးပျိုးပင်များ ကောင်းမွန်စွာရှင်သန်နိုင်ရန် ရေလောင်းပေါင်းသင်ခြင်း၊ လိုအပ်ပါကမြေဩဇာကျွေးခြင်း၊ ပိုးမွှားရောဂါဒဏ်ကာကွယ်ခြင်းများ စသည့်ပြုစုထိန်းသိမ်းခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်သည်။

ဝါးသယံဇာတသည် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သော ကျေးလက်နေပြည်သူများအတွက်အရေးကြီးသည့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းတစ်မျိုးဖြစ်ပြီး ယခုအခါ ဝါးအခြေခံအသေးစား၊ အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာသည်နှင့်အမျှ ဝါးသယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရန်မှာ အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ သို့ဖြစ်ပါ၍ သဘာဝဝါးတောများ ပြုစုထိန်းသိမ်းခြင်း၊ ပုဂ္ဂလိကဝါးစိုက်ခင်းများတည်ထောင်ထုတ်လုပ်ခြင်း၊ စနစ်တကျဝါးနှင့်မျှစ်ထုတ်ယူခြင်းဆောင်ရွက်ခြင်း၊ ဝါးအခြေပြုစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းနှင့်အတူ မြန်မာနိုင်ငံ၏ ဝါးနှင့်ပတ်သက်သည့်အခန်းကဏ္ဍသည်လည်း ပိုမိုတိုးတက်လာနိုင်မည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်မှလည်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးလျက်ရှိသဖြင့် ဝါးအခြေပြုအသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအား မြှင့်တင်ပေးရန် လိုအပ်လျက်ရှိသည်။ သို့ဖြစ်ပါ၍ ဤဆောင်းပါးသည် ဝါးပျိုးထောင်စိုက်ပျိုးထုတ်လုပ်လိုသူများအတွက် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါသည်။ ॥



ဝါးစေ့ပုံစံ သုံးမျိုး။



ဝါးအဆစ်ဖြတ်ပိုင်း ပျိုးထောင်စိုက်ပျိုးပုံ။

# ဝေါမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းကြည့်ရှုအားပေး

**ပဲခူး ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် ဝေါမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းကြည့်ရှုအားပေးသည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဝေါမြို့နယ် ကျိုက်လှစံပြကျေးရွာရှိ မိုးစပါးအကွက်ကျယ်စံပြကွက်အတွင်း စုပေါင်းမြေဩဇာကြဲပက်နေမှုအား ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါးစိုက်ပျိုးပြီးပါက မြေဆီဩဇာပြန်လည်တိုးတက်စေရေး ပဲတစ်မျိုးမျိုး ပြန်လည်စိုက်ပျိုးသွားရန်၊ တူးဖော်ပေးထားသည့်ရေပေးမြောင်းများ ရေရှည်အသုံးပြုနိုင်စေရေး ဒေသခံတောင်သူများက ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ ရေမြေသဘာဝနှင့်ကိုက်ညီပြီး ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိသည့် မျိုးကောင်းမျိုးသန့်များ အလုံအလောက်ရရှိရေးဆောင်ရွက်ပေးရန်၊ ရေကြီးရေနက်ကွင်းများအတွက် ကြိုတင်ပျိုးထောင်ထားရန်၊ သက်ဆိုင်ရာမြို့နယ်အလိုက် ရေကြီးရေနက်ကွင်းတို့ရှိ လယ်မြေများအား မိုးကောင်းသောက်လယ်မြေအဖြစ်ရောက်ရှိစေရေး ပြန်လည်တူးဖော်ပေးရမည့် ရေထုတ်မြောင်းများ တွက်ချက်တင်ပြပေးရန်၊ သဘာဝမြေဩဇာသုံးစွဲမှုတိုးတက်စေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည်ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ကျိုက်လှကျေးရွာရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အောင်မြင်စွာမွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဦးမင်း၏ ဥစားဘဲကောင်ရေ ၂၂၀၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အသားထုတ်လုပ်မှု တိုးတက်စေရေး ဒေသကြက်နှင့်ဒေသဝက် မွေးမြူရေးလုပ်ငန်းများလည်း တိုးချဲ့ဆောင်ရွက်ရန်တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။ (၄၀၁)၊တင်စိုး(ပဲခူး)

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ နည်းပြသင်တန်းဖွင့်

**ဟသ်ာတ ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM ) တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၇ ရက် နံနက်ပိုင်းတွင် ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)စမ်းသပ်မဲပေးပြီး သင်တန်းသား၊ သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါသင်တန်းသို့ ဟသ်ာတခရိုင်နှင့် မြန်အောင်ခရိုင်အတွင်းရှိမြို့နယ်ခြောက်မြို့နယ်မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒုတိယဦးစီးမှူးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့မှ သင်တန်းသား၊ သင်တန်းသူ ၃၇ ဦး တက်ရောက်ကြပြီး သင်တန်းအား ဇူလိုင်လ ၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်(ဟသ်ာတ)

# ကျောက်မြောင်းမြို့နယ်ခွဲ၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲစင်းငုံဧက ၅၀၀၀ ကျော် စိုက်ပျိုးမည်

**ကျောက်မြောင်း ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲ၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲစင်းငုံဧက ၅၀၀၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ကျောက်မြောင်းမြို့နယ်ခွဲ၌ ပဲစင်းငုံ ၅၈၅၀ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်၍ စက်တင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်သည်။

"လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်း ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကပြောသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပဲစင်းငုံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးသွားမည်ဖြစ်သည်။

ကျောက်မြောင်းမြို့နယ်ခွဲအတွင်းရှိ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးကြသော တောင်သူများကို ရွက်ဖျန်းမြေသြဇာဝယ်ယူမှု သက်သာလျှော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချားပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် ယူရီးယားနှင့်လက်ချားသုံးစွဲနည်းကြောင့်စိုက်ပျိုးစရိတ်သက်သာပြီး အပင်များပိုးမွှားကင်းစင်၍ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။ (၄၀၉)

# ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**ပဲခူး ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လသာအေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဇူလိုင်လ ၇ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။



ပဲခူးမြို့နယ် လသာအေးကျေးရွာ၌ လမ်းအရှည် ၂၆၁ ပေ၊ လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့် ၆ လက်မရှိသော ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၂ ဒသမ ၃၉၉ သန်း အသုံးပြုပြီး မေလ ၂၈ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာနှုန်းကျော်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက လသာအေးကျေးရွာရှိပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်လူမှုရေးကိစ္စရပ်များအတွက် သွားလာရေးလွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဆွေးနွေး

**တောင်တွင်းကြီး ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ ဇူလိုင်လ ၆ ရက် မွန်းလွဲပိုင်းတွင် ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဆွေးနွေးပွဲကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်မိုင်ထိန်းသီတာဌေးတို့က ရာသီတုပ်ကွေးရောဂါဖြစ်ပွားရသည့် အကြောင်းရင်းများနှင့်ရောဂါလက္ခဏာများအကြောင်း၊ ရာသီတုပ်ကွေးရောဂါကူးစက်နိုင်သည့် နည်းလမ်းများအကြောင်း၊ ရာသီတုပ်ကွေးရောဂါကိုကာကွယ်ရမည့်နည်းလမ်းများအကြောင်းနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲကို ပြည်သူများ ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ လေ့လာသိရှိနိုင်စေရန် တောင်တွင်းကြီးမြို့နယ်ပြည်သူ့စာကြည့်တိုက် Page မှ ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နောင်နောင်(ဗိဿနိုးမြေ)**

# သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းဖွင့်လှစ်

**မိုင်းပန် ဇူလိုင် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်လ ၆ ရက် နံနက်ပိုင်းတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ လင်းခေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလင်းက သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချသောဘာသာရပ်များကို စနစ်တကျလေ့လာသင်ယူကြရန်နှင့် သင်တန်းပြီးဆုံးပါက လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မိုင်းပန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဇော်မြင့်က အမှာစကားပြောကြားပြီး မိုင်းပန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကိုရှင်းလင်းပြောကြားသည်။

ထို့နောက် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလင်းနှင့် တာဝန်ရှိသူများက သင်တန်းသားများကို သင်တန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ မိုင်းပန်မြို့နယ်အတွင်းရှိ ဟွေမဖိန်းကျေးရွာအပြင် အနီးဝန်းကျင်ရှိ ကျေးရွာများမှ သင်တန်းသားစုစုပေါင်း ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် မိုင်းပန်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သဘာဝမြေသြဇာထုတ်လုပ်နည်းအပြင် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အသိပညာ၊ ဗဟုသုတများကို စာတွေ့လက်တွေ့နှစ်မျိုးဖြင့် ဇူလိုင်လ ၆ ရက်မှ ၁၂ ရက်ထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

# ဝါဆိုသင်္ကန်း ကပ်လှူဒါန်း

❖ အလှူဒါန၊ ပြုကြသည်ချိန်ခါ
ဝါဆိုသင်္ကန်း၊ လှူဒါန်းမြတ်သဒ္ဒါ
မဟာမင်္ဂလာ၊ ဝမ်းသာစိတ်ထား
လှူရှင်သူငါ၊ စိတ်ချမ်းသာ
ထူးစွာကောင်းကျိုး များသည်နှင့်လေး။

❖ ကုသိုလ်တိုးပွား၊ များပြားအကျိုးပင်
မြတ်စွာဗုဒ္ဓ၊ ဟောပြခမ္မတွင်
အေးမြကြည်လင်၊ ဘဝင်ငြိမ်းချမ်း
တစ်နှစ်မှာတစ်ကြိမ်၊ လင်းလက်ထိန်
လှူချိန်ရင်မှာ လန်းသည်နှင့်လေး။

❖ နိဗ္ဗာန်ရည်မှန်း၊ သင်္ကန်းမြတ်အလှူ
နိုင်ငံတော်အစိုးရ၊ ထူးလှများပြည်သူ
လက်တွဲညီတူ၊ ရှင်လူပူးပေါင်း
အောင်ကြောင်းဝေဖြာ၊ မင်္ဂလာ
ညီညာကုသိုလ် ကောင်းသည်နှင့်လေး။

❖ သာခုခေါ်ကြောင်း၊ စုပေါင်းအတူစုံ
ကုသိုလ်ကောင်းမှု၊ ပေါင်းစုဂုဏ်ရှိန်ဟုန်
ကောင်းကျိုးဖုံဖုံ၊ သင်းထုံပျံ့မွှေး
ဘာသာသာသနာ၊ ထွန်းလင်းဖြာ
စိတ်မှာချမ်းမြ အေးသည်နှင့်လေး။

❖ အနာဂတ်အရေး၊ မြော်တွေးရှင်ပျော်
သီလဒါန၊ ယူကြကုသိုလ်နော်
တို့နိုင်ငံတော်၊ တွေးခေါ်သိမှု
တပ်နှင့်ပြည်သူ၊ မြဲကြည်ဖြူ
ညီတူကုသိုလ် ပြုသည်နှင့်လေး။

❖ သာခုခေါ်ဆို ဝမ်းသာပို
ကြိုဆိုကြရသည်။
မြန်မာမှုကုသိုလ် ထက်ဗဟို
ပိုမိုလှပသည်။ ။

**အာကာမောင်မောင်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၂၅ (အင်္ဂါနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၂:၀၀ မျှဝေဆွေးနွေး အနာဂတ်အရေး
၆။ ၁၄:၀၀ မြဝတီရုပ်မြင် သံကြားသတင်း
၇။ ၁၉:၀၀ **ရုပ်မြင်သံကြား ဇာတ်လမ်း ခပ်စိမ်းစိမ်း နေပူမယ်(ဒုတိယပိုင်း) သရုပ်ဆောင်- ရဲအောင်၊ မို့မို့မြင့်အောင် ဒါရိုက်တာ- အောင်မြင့်မြတ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ ၄ လွှာ (ဘီ)၊ အမှတ် (၁၁၀) တွင် ပါတီရုံးချုပ် (ယာယီ) တည်ရှိသော **ဇိုမီးအမျိုးသားပါတီ (Zomi National Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၃-၇-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဇိုမီးအမျိုးသားပါတီ(Zomi National Party)၏ အလံပုံစံ



ဇိုမီးအမျိုးသားပါတီ(Zomi National Party)၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ကမ္ဘာ့လူဦးရေနေ့
လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့
From Data to Development: Using Census For Socio-Economic Advancement
၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"**အစီအစဉ်မှ **"သစ္စာရှိ လက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ ဝရမ်းပြေး နိုင်ငံမဲ့ NUG၊ CRPH နဲ့ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ၉-၇-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"ဒလန်၊ သတင်းပေး၊ သူလျှိုစတဲ့ စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကို သတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၉)သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၇**

အခြေခံပညာဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၉)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ့ဝန်ထမ်းဆရာ၊ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်းပိုမိုကောင်းမွန်ပြီး အခြေခံပညာရေးနှင့်စပ်လျဉ်းသော ဗဟုသုတများအပြင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်တတ်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရေး လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း၊ နိုင်ငံ့အကျိုးကိုရှေးရှု၍ ပြည်သူကို အလုပ်အကျွေးပြုရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၉)သို့ သင်တန်းသား ၃၀ ဦး၊ သင်တန်းသူ ၃၆၀ ဦး စုစုပေါင်း ၃၉၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၇-၇-၂၀၂၅ ရက်မှ ၈-၈-၂၀၂၅ ရက်ထိ ရက်သတ္တငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

**⇨ ကျောဖုံးမှအဆက်**

အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါးတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေ၊ စိုက်ပျိုးရေးဦးစီးဌာနနဲ့ တခြားဆက်စပ်ဌာနတွေ ပူးပေါင်းလုပ်ဆောင်နေပါတယ်။ မိုးစပါးတွေကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ထိခိုက်ပျက်စီးမှုမရှိစေဖို့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာတွေကိုလည်း စပါးမစိုက်မီ မြေပြင်အထိ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် ရွှေခရုနဲ့ပတ်သက်ပြီး တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းကပြောသည်။

မြောင်းမြခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် အိမ်မဲမြို့နယ်၌ ဧက ၁၄၃၀၁၀၊ မြောင်းမြမြို့နယ်၌ ၁၆၅၇၃၈ ဧက၊ ဝါးခယ်မမြို့နယ်၌ ၂၁၃၂၁၆ ဧက စုစုပေါင်း ၅၂၁၉၆၄ ဧက စိုက်ပျိုးမည်ဖြစ်ပြီး ဆင်းသုခ၊ ရောမင်း၊ ရောပဒေသာ၊ မနောသုခ၊ GW-11၊ GW-1၊ ပေါ်ဆန်းမွှေး၊ ပခမ်း၊ သီးထပ်ရင်၊ နံ့ကား၊ ကျားပျံ စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

မိုးစပါးကိုလျာထားဧကအတိုင်း ပြည့်မီအောင် စိုက်ပျိုးခြင်းဖြင့် ဒေသတွင်းသာမက နိုင်ငံအတွက် ဆန်စားသုံးမှုဖူလုံစေမည့်အပြင် ဆန်ဈေးနှုန်းတည်ငြိမ်ရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ကာ တောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၅ | ၃၁၂၅ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | ၄၅၀၅ | ၃၃၈၀ | ၃၁၀၀ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၁၅ |
| 95 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၂၅ | ၃၁၄၅ | ၄၅၆၀ | ၃၄၄၀ | ၃၁၆၀ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၇၅ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၄၀ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၇၅ | ၃၃၄၅ | ၃၂၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၄၁၅ | ၃၃၃၅ | ၄၈၃၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၅ | ၃၄၂၀ | ၃၃၈၅ | ၃၄၁၀ | ၃၆၆၅ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၇၅ | ၃၃၄၅ | ၃၂၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၄၁၅ | ၃၃၃၅ | - | ၃၆၂၅ | ၃၃၅၀ | ၃၃၅၅ | ၃၄၂၀ | ၃၃၈၅ | ၃၄၁၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၄၄ | ၂၉၃၅ |
| 95 Ron | ၂၉၀၂ | ၂၉၉၄ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၈၅ | ၃၁၇၇ |
| HSD (10 ppm) | ၃၀၈၅ | ၃၁၇၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း အတွင်းရှိ မိုးလုံလေလုံအားကစားရုံသို့ ရောက်ရှိပြီး အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ မြန်မာ့ဘော်လီဘောအားကစားနည်း ပြန်လည်အောင်မြင်လာအောင်ကြိုးစားပြီး နိုင်ငံတော်အတွက် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ကူညီရန်မှာကြား၍ ပဏာမလက်ရွေးစင် ဘော်လီဘောအားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။



ယင်းနောက် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဗိုလ်လုပွဲများကို ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် အမျိုးသားမီတာ (၂၀၀၀) တားဆီးကျော်ပြေးပြိုင်ပွဲ၊ အမျိုးသမီး/အမျိုးသားသုံးဆင့်ခုန်ပြိုင်ပွဲ၊ အမျိုးသမီး/အမျိုးသား မီတာ(၁၅၀၀)ပြိုင်ပွဲ၊ အမျိုးသမီး/အမျိုးသား မီတာ(၁၀၀)ပြိုင်ပွဲ၊ အမျိုးသမီး/ အမျိုးသားမီတာ (၄၀၀ x ၄) လက်ဆင့်ကမ်းပြိုင်ပွဲများတွင် စံချိန်ချိုး အားကစားသမားများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေတို့ကိုလည်းကောင်း၊ အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသွားသော ရှမ်းပြည်နယ်အသင်း၊ အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသွားသော ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသွားသော ရှမ်းပြည်နယ်အသင်းတို့ကို တံခွန်စိုက်ဆုဖလားနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အားကစားရုံသို့ရောက်ရှိပြီး လူရွေးချယ်ရန်အတွက် လေ့ကျင့်နေသော Kabaddi အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လက်ခံကျင်းပမည့် ပြိုင်ပွဲကျင်းပရေးဆိုင်ရာများကို တင်ပြဆွေးနွေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်သည့် ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များအပေါ် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

# မန္တလေးမြို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ချင်းစုသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ကျောင်းဆောင်အဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၇

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတော်တို့တွင် ဘက်စုံပြန်လည်ပြုပြင်မွမ်းမံနေမှု အခြေအနေများနှင့် စေတီတော်ပုရိဝုဏ်အတွင်းသန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု အခြေအနေများ၊ နန်းဦးမြို့သစ်ရှိ ရွှေမုဋ္ဌောစေတီ၏ ထီးတော်အား ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက်မြေသို့ပင့်ဆောင်နေမှုနှင့်စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများအားလည်းကောင်း၊ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ ရွှေစေတီကျောင်းတိုက်နှင့် ကိုးတောင်ပြည့်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ မဟာစည်းခုံကြီး စေတီတော်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနာ့ဗိမာန်အား ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ချင်းစုသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ကျောင်းဆောင်အဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများ၊ ပိုးတန်းရပ်ကွက်နှင့် မင်းလမ်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော လူနေအဆောက်အအုံအပြိုအပျက်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့အား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်ရှိ ရတနာပုံသာသနာ့ဆုတောင်းရ (ဦးပေစိ)ဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်နှင့် အမရဌာနီအနောက်ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## အာဇာနည်ဗိမာန်သို့လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများဖြစ်ပွားနေပါက အခမ်းအနားသို့ လာရောက်ခြင်းမပြုရန်၊

(၂) အာဇာနည်နေ့အခမ်းအနားကျင်းပနေစဉ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း အစရှိသော ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများခံစားရပါက ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ သတိပေးချက်များအား လိုက်နာရန်။

**(၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ**

## ၇-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# (၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် မိုးပျံပူဖောင်းကို ပစ္စတိုသေနတ်ဖြင့်ပစ်ဖောက်၍သေနတ်ပစ်ပြိုင်ပွဲအား ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၇**

(၆၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်စက်ပစ်ကွင်း၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဖိတ်ကြားထားသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စားတိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းကို ပစ္စတိုသေနတ်ဖြင့်ပစ်ဖောက်၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု(အမျိုးသား)အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (အမျိုးသား) အသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြု (အမျိုးသမီး)အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(အမျိုးသမီး)အသင်းတို့၏ ထိလဲပြားပစ်ခတ်စဉ်သရုပ်ပြပစ်ခတ်ခြင်းတို့ကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်( ကြည်း၊ ရေ၊ လေ ) သေနတ်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ( ၁၈ ) သင်းဖြင့် ဇူလိုင်လ ၂၀ ရက်နေ့ထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

**နေပြည်တော် ဇူလိုင် ၇**

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇူလိုင်လ ၂၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း တံခွန်စိုက်ဖလားဆုရရှိသော ဇေယျာသီရိတပ်နယ်(ခ)အသင်းအား ဆုဖလားနှင့်ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိ အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တပ်ကုန်းတပ်နယ်အသင်းနှင့် ဇေယျာသီရိတပ်နယ် (ခ)အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဖလားဆုရရှိသော ဇေယျာသီရိတပ်နယ်(ခ) အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့ အသီးသီးမှ ပြိုင်ပွဲဝင်အသင်း(၁၀) သင်းဖြင့် ဇွန်လ ၂၇ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃ ဦးတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၇**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၉-၆-၂၀၂၅ ရက် ည ၈ နာရီမှ ၆-၇-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၈၃၉ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၃၆ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသမှုပေးရသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# နေပြည်တော်ကို မြို့ကြီးအဆင့်သာမက မြို့တော်အဆင့်နှင့်ကိုက်ညီမှုရှိစေပြီး ဖွံ့ဖြိုးတိုးတက်မှုစံပြအဖြစ် တည်ထောင်ရန်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဇူလိုင် ၇

မြေအသုံးချမှု၊ ဇုန်သတ်မှတ်ချက်စည်းမျဉ်း၊ ဖွံ့ဖြိုးရေးခွင့်ပြုမိန့်ဆိုင်ရာ စည်းမျဉ်းများနှင့်ပတ်သက်သည့်ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။


ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်၏ Master Plan တွင် မြို့ပြဒေသအလိုက် ဇုန်များ ခွဲခြားသတ်မှတ်ပြီး ဇုန်အလိုက် အခြေခံ အဆောက်အဦများကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နေပြည်တော်ကို မြို့ကြီး (City) အဆင့်သာမက မြို့တော်(Capital) အဆင့်နှင့်ကိုက်ညီမှုရှိစေပြီး ဖွံ့ဖြိုးတိုးတက်မှုစံပြအဖြစ် တည်ထောင်ရန်နှင့် နေပြည်တော်အား လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် မြို့ပြအကွက်ချပုံစံ ( Urban Plan) ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အအုံများ ပြန်လည်ဆောက်လုပ်နိုင်ရေး မြို့ပြစီမံကိန်းရှုထောင့်မှ ထည့်သွင်းစဉ်းစားရန်နှင့် သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိစေရန် အဓိကထား ထည့်သွင်းစဉ်းစားသုံးသပ်ဆောင်ရွက်ကြရန် လိုကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် မြေစမ်းသပ်မှု ( Soil Test) များ စနစ်တကျဆောင်ရွက်ရန်၊ ငလျင်ကြောပေါ်တွင် ရောက်ရှိခြင်းမရှိစေရန်နှင့် ငလျင်ပြင်းအား ရစ်(ခ်)တာစကေး ၈ အထိ ခံနိုင်ရည်ရှိရန်လိုအပ်ကြောင်း၊ နေပြည်တော်ကို Green City၊ Clean City၊ Smart City ဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အဦများကို ရေတို၊ ရေရှည်မျှော်မှန်းချက်များနှင့် ဘက်စုံထောင့်စုံမှ ဆက်စပ်စဉ်းစားပြီး ဝိုင်းဝန်းသုံးသပ်အကြံပြုတင်ပြပေးကြရန် လိုကြောင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းဌာန၊ ဌာနမှူးက ဇုန်သတ်မှတ်ချက်စည်းမျဉ်း၊ ဖွံ့ဖြိုးရေးခွင့်ပြုမိန့်ဆိုင်ရာစည်းမျဉ်းများနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆောင်ရွက်ခြင်းနှင့် အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထွန်းလင်း(ဇေယျာမြေ)

# ရွှေ့နေရွှေ့ရပ်များအတွက် AML/ CFT ဆိုင်ရာအသိပညာပေးသင်တန်း ၁/၂၀၂၅ ကျင်းပ



နေပြည်တော် ဇူလိုင် ၇

ရွှေ့နေရွှေ့ရပ်များအတွက် AML/ CFT ဆိုင်ရာ အသိပညာပေးသင်တန်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက ဇေယျာသီရိခရိုင်တရားရုံး၌ In Person / Virtual စနစ်ဖြင့် ကျင်းပသည်။

သင်တန်းတွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ( AML/ CFT ) ဆိုင်ရာ ရွှေ့နေရွှေ့ရပ်များ၏အခန်းကဏ္ဍကို ပို့ချဆွေးနွေးပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်လျက်ရှိသော AML/ CFT ဆိုင်ရာဆောင်ရွက်ချက်များ၊ သတင်းပို့အဖွဲ့အစည်းများ၏သတင်းပေးပို့ရန်တာဝန်ရှိမှုများကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

အသိပညာပေးသင်တန်းသို့ (၁၄)ကြိမ်မြောက် In Person / Virtual ဖြင့် ပြုလုပ်မည့် တရားလွှတ်တော်ရွှေ့နေအသိအမှတ်ပြုလက်မှတ်လက်ခံရယူမည့် အထက်တန်းရွှေ့နေ ၅၀ တို့က In Person ဖြင့်လည်းကောင်း၊ ၁၆၄ ဦးတို့က Video–Conferencing ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် AML/ CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈)ကို နှစ်စဉ်လုပ်ငန်းအစီအစဉ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရွှေ့နေရွှေ့ရပ်များအတွက် AML/ CFT အသိပညာမြှင့်တင်ရန် ရည်ရွယ်၍ ယခုသင်တန်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)၌ စက်ရုံလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၇

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇူလိုင်လ ၅ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)၌ လေသန့်စင်အလုပ်ရုံလည်ပတ်နိုင်ရေးအတွက် ပြည်ပကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် စီမံကိန်းလုပ်ငန်းများ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လက်တွေ့ဆောင်ရွက်နေသည့် လုပ်ငန်းများကို သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်းပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဇူလိုင်လ ၆ ရက် နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် ထုံးနှင့် ဒိုလိုမိုက် ထုတ်လုပ်ရေးအလုပ်ရုံနှင့် Air Compressor အလုပ်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကာ လေသန့်စင်အလုပ်ရုံ၌ ပြည်ပကျွမ်းကျင်ပညာရှင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပထမအဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ အောင်မြင်ပြီးမြောက်စေရေးအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အား၊ ရေနှင့် Compressor Oil တို့ ပြည့်စုံစွာ ရောက်ရှိနိုင်မည့်အခြေအနေ၊ ပိုက်လိုင်းများအတွင်း အညစ်အကြေးများ ဖယ်ရှားခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်မှု၊ သံရည်ကျိုမီးဖို အဆင်သင့်မဖြစ်မီ နိုက်ထရိုဂျင် ဓာတ်ငွေ့ဖြင့် ဆောင်ရွက်ရန် လိုအပ်မှု၊ 11 kV ဓာတ်အားလိုင်း အသုံးပြုနိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပြီး အလုပ်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ



# မန္တလေးတိုင်းဒေသကြီးအတွင်း အသား/ငါး မွေးမြူထုတ်လုပ်မှု တိုးတက်ရေးနှင့် ကော်ဖီစိုက်ကေပြည့်မီရေး ဆွေးနွေးမှာကြား

နေပြည်တော် ဇူလိုင် ၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇူလိုင်လ ၅ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လက်ပံကုန်းကျေးရွာအုပ်စု နောင်ဝယ်ကျေးရွာရှိ မွေးမြူရေးတောင်သူ ဒေါ်အေးနွမ်းစံ၏ ကောင်းမြန်မာ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းကိုကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်အထောက်အကူပြုဆေးဝါးများ ပေးအပ်၍ နို့စားနွားနှင့်ဒေသနွားများ မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုသည်။

ဇူလိုင်လ ၆ ရက်တွင် ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ–ရာသီသီးနှံဌာနခွဲ ကော်ဖီနည်းပညာ ဖွံ့ဖြိုးရေးခြံ (ပွေးတောင်)သို့ရောက်ရှိပြီး ပြင်ဦးလွင်ခရိုင်/မြို့နယ် ခြံတာဝန်ခံများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ခြံ၏ ရေမြေသဘာဝနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းဖြင့် ပြင်ဦးလွင်မြို့၏ ဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အထောက်အကူဖြစ်စေရန် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကော်ဖီစိုက်တောင်သူများ စိုက်ကေပြည့်မီရေးကို အနီးကပ် ကြီးကြပ်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံးတွင် မန္တလေးတိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်း အသားနှင့် ငါးမွေးမြူထုတ်လုပ်မှုအားကောင်းလာစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးနိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒေသနေပြည်သူများအား သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃˚c | / | ၂၈˚c |
| ရန်ကုန် | ၂၄˚c | / | ၂၈˚c |
| မန္တလေး | ၂၇˚c | / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မုံရွာ ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ (မုံရွာ)ရှိ သတ်မှတ်အားကစားရုံများ၌ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ကရာတေး၊ အလေးမနှင့် လက်ဝှေ့အားကစားနည်းများ စုဖွဲ့လေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှု၍ အားကစားနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံပြီး ယခင်နှစ်များထက် စံချိန်တိုးတက်အောင် အစဉ်တစိုက် လေ့ကျင့်သွားကြရန်နှင့် ယှဉ်ပြိုင်သည့်ပြိုင်ပွဲများတွင် ထိုက်တန်သည့် ဆုတံဆိပ်များရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားကြရန် ပြောကြားသည်။

ညနေပိုင်းတွင်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည့် တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၊ ပညာရေးဒီဂရီကောလိပ်၊ တိုင်းဒေသကြီးအခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်သည်။

ဗိုလ်လုပွဲစဉ်အဖြစ် မုံရွာပညာရေးဒီဂရီကောလိပ်အသင်းနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(အလုံ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မုံရွာပညာရေး



ဒီဂရီကောလိပ်အသင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(အလုံ)အသင်းကို အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပညာရေးဒီဂရီကောလိပ်၊ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း(အလုံ)နှင့် SEC ကိုယ်ပိုင်အထက်တန်းကျောင်းများအတွက် ခရစ်ကက်လေ့ကျင့်ရေး အားကစားပစ္စည်းများကိုလည်းကောင်း၊ အမျိုးသမီးခရစ်ကက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အသင်းများ၊ အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အသင်းများကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဒိုင်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်ရှိ ငလျင်ဘေးသင့်အာမခံ အလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းပေးအပ်



နေပြည်တော် ဇူလိုင် ၇

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ငလျင်ဘေးသင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း အကျိုးခံစားခွင့်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရမည်းသင်းမြို့နယ် သင်းရတနာခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်ဌေးဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဌနှင့် အဖွဲ့ဝင်များ၊ လူမှုဖူလုံရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ၊ အကျုံးဝင်မှတ်ပုံတင်ထားသော ရမည်းသင်းမြို့နယ်အတွင်းရှိ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမြဲတမ်းအတွင်းဝန်က အမှာစကားပြောကြားပြီး ရမည်းသင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဌထံ အာမခံအလုပ်သမား ၈၀၃ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၆၈ ဒသမ ၅၉၆ သန်းကိုလည်းကောင်း၊ မန္တလေးငလျင်ကြီးဒဏ်ကြောင့် လုပ်ငန်းခွင်အတွင်း သေဆုံးခဲ့သူ ၉ ဦးအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေကျပ် ၁၂၇၆ ဒသမ ၈၇၅ သိန်းကို ၎င်းတို့၏ ကျန်ရစ်သူမိသားစုများထံလည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# ပြည်ထောင်စုနယ်မြေနေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့်ရောင်းချ

နေပြည်တော် ဇူလိုင် ၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့်မန္တလေးမြို့တို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ဇူလိုင်လ ၇ ရက်တွင် ၉၄ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၇ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၆ ပြည်ပါ(မနောသုခ–Export Quality)၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးတံခွန်၊ ငါးပုတ်သင်၊ ငါးနီတူခြောက်၊ အာပဲ့ခြောက်၊ ငါးရောင်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ခေါက်ဆွဲခြောက်တို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့်နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၇ ရက်တွင် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ကြက်သွန်ဖြူ၊ ရွှေဖရုံသီး/ကျောက်ဖရုံသီး၊ ခရမ်းသီး၊ မုန်ညင်းဖြူ၊ မုန်လာဥနီ၊ ငရုတ်ပွ၊ ဗိုလ်စားပဲ၊ ဂေါ်ရခါးသီး၊ ပြောင်းဖူး၊ မုန်လာဥဖြူ၊ ရွှေပဲသီး၊ ဂျူးမြစ်၊ ဆီတိုဟူးနှင့်လက်ဖက်ခြောက်တို့ကို သက်သာသောဈေးနှုန်းများဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းနှင့် ပြည်သူများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အလားတူ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၇ ရက်တွင် စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးနီတူခြောက်၊ ပုစွန်ခြောက်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီ နှင့် အသားတုတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင်လည်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (မနောသုခ)၊ စားအုန်းဆီ၊ ဆား၊ ကုလားပဲ၊ ငါးပိ၊ ငါးနီတူခြောက်၊ အာပဲ့ခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ခေါက်ဆွဲခြောက်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြဝတီ**

## ထူးခြားသည့် အခြေအနေ

နေပြည်တော် ဇူလိုင် ၇

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် အနောက်–အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ၊ ဂျက်ခမ်းပြည်နယ်နှင့် ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းသို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

**❍ ကျောဖုံးမှအဆက်**

ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅ ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅ ပေခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည်နောက်၃ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ဝေ့န်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်တို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရွှေ့ပြောင်းရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## ဟုမ္မလင်းမြို့အနီး အင်အားအနည်းငယ်ရှိငလျင်လှုပ်

**နေပြည်တော် ဇူလိုင် ၇**

ဇူလိုင်လ ၇ ရက် မြန်မာစံတော်ချိန် ၁၁ နာရီ မိနစ် ၄၀ ၃၈ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၅၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဟုမ္မလင်းမြို့၏အနောက်တောင်ဘက် ၆ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၄ ဒသမ ၈၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၈၄ ဒီဂရီ၊ အနက် ၆၀ ကီလိုမီတာ ကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်းတိုင်းထွာရရှိသည်။ **(မိုး/ဇလ)**



## နေ့ဆွမ်းဆက်ကပ်

သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသောဆရာတော်၊ သံဃာတော်များအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# သထုံမြို့နယ်၌ အခြေခံလူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်

သထုံ ဇူလိုင် ၇

မွန်ပြည်နယ် သထုံမြို့နယ်၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစား ကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအရ သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အခြေခံလူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် သထုံမြို့နယ် ပေါ်တော်မူကျေးရွာရှိ ရွှေဆံတော်စေတီတော်မြတ်ကြီး ရွှေဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်စိုးက သင်တန်းမှ သင်ကြားပေးလိုက်သည့် နည်းပညာများကို လက်တွေ့နယ်ပယ်၌ ပြန်လည်အသုံးချကာ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်သည်အထိ ကြိုးစားကြရေး အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်ထွန်းထွန်းလှက စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းသုံးပစ္စည်းများ၊ သင်တန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပံ့ပိုးပေးအပ်ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၅ ဦးတက်ရောက်ကြပြီး ဆပ်ပြာရည်၊ ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ Scrub နှင့် ဆပ်ပြာခရင်မ်အမျိုးမျိုးတို့ကို ၇ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံသင်တန်းပြီးစီးပါက မွမ်းမံသင်တန်းကို ၇ ရက်ကြာ ထပ်မံသင်ကြားပေးမည်ဖြစ်ကာ သင်တန်းပြီးဆုံးပါကထူးချွန်ပြီး လုပ်ငန်းထူထောင်လိုသူတို့အားရွေးချယ်၍ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

# ရွှေတောင်မြို့နယ်၌ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

ရွှေတောင် ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်၌ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ယနေ့တွင် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် အသက်နှစ်နှစ်အောက် ကလေးများနှင့်ကိုယ်ဝန်ဆောင်မိခင်များကို ကျန်းမာရေးဝန်ထမ်းများမှ အဆုတ်ရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး (ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်၊ မေးခိုင်)၊ နမိုးနီးယားကာကွယ်ဆေး၊ ပိုလီယိုသောက်ဆေးနှင့်ထိုးဆေး၊ မေးခိုင်ရောဂါကာကွယ်ဆေး၊ ဝမ်းရောဂါကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်အတွင်းရှိအသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ကျန်းမာရေးဝန်ထမ်းဆရာမများက အဖွဲ့များခွဲ၍ ရပ်ကွက်၊ ကျေးရွာများရှိစုရပ်အသီးသီး၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုကိုမင်း (ပြန်/ဆက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂါဓိပတိသာသနဒ္ဓဇမာန်တော်ကြီးအတွင်းရှိ မာရဝိဇယ နောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

ဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂါဓိပတိ သာသနဒ္ဓဇမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ယင်းနောက်အခမ်းအနားကို နမောတဿ



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး နှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီးတို့က ဝါဆိုသင်္ကန်း နှင့်လှူဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး နှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီးတို့က ဝါဆိုသင်္ကန်း နှင့်လှူဖွယ် ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။





မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေစဉ်။

သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က

**စာမျက်နှာ ၁၅ သို့** ★



## ဆက်ကပ်လှူဒါန်း


နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Waso robes offering ceremony for 2025 of SAC and 2nd anniversary consecration of Maravijaya Buddha Image held




Waso robes offering ceremony in progress.

NAY PYI TAW July 7

The State Administration Council held a Waso robes offering ceremony for 2025 in conjunction with the consecration of Maravijaya Buddha Image to mark the second anniversary of the successful completion of the Buddha Image in the premises of Maravijaya Buddha Park here this morning. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony, paid homage to the Buddha Image and offered Waso robes and offertories.

Present to pay respects to 27 invited Sayadaws including Ovadacariya Sayadaws of Uppatasanti Pagoda Board of Trustees led by Chairman of the State Sangha Maha Nayaka Committee Patron of Thanlyin Minkyaung Pathamapyan Sarthintaik in Thanlyin, Yangon Region, Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candima Bhivamsa, and Secretary of SSMNC Patron of Masoeyein Taikthit, Mandalay, Sayadaw of Dhammathamiddhi Monastery Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kathika Bahujana Hitadhara Bhaddanta Vasethabhivamsa were the Senior General and wife, Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC Secretary and wife, the SAC Joint Secretary and wife, SAC members and wives, union level dignitaries, union ministers and wives, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief of Defence Services and wives, the Nay Pyi Taw Command commander and officials.

Before the ceremony, the Senior General paid homage and offered a meal in an emerald bowl, fruits, flowers, water and oil lamps to Maravijaya Naungdawgyi Buddha Image in the Agga Dipati Sasana Beikmandaw.

Then, the ceremony was opened with a three-time recitation of Namotassa, and the



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla present Waso robes and offertories to SSMNC Chairman Sayadaw.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer day meal to Sayadaws.

See Page - 21 ►►

# Wetlet Township exceeds cultivation of summer sesame this year

WETLET July 7

Statistics of Wetlet Township Agriculture Department stated that a total of 64,171 acres of summer sesame has been planted in Wetlet Township of Sagaing Region.

Although local authorities earmarked cultivation 50,278 acres of summer sesame in the township in 2024-2025 summer season, local farmers have so far planted 64,171 acres of crops, exceeding the target cultivation.

"This year, during the summer crop cultivation season in Wetlet Township, over 50,000 acres of summer sesame were planned for cultivation. Currently, more than 60,000 acres have already been planted. Compared to the original target, the area of sesame cultivation has now expanded. Efforts are also being made to promote the expansion of sesame cultivation areas, improve crop yields, and encourage the adoption of GAP (Good Agricultural Practices) methods," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

This year in Wetlet Township, the Department of Agriculture has been educating farmers growing summer sesame about how to expand their cultivation areas, adopt systematic farming methods and GAP techniques, and grow quality, pure sesame varieties that yield higher outputs.

Crops grown using the GAP system are of higher quality compared to those cultivated through conventional methods.



They can fetch better prices and have the potential not only to be sold in domestic markets but also to be exported to international markets. As a result, farmers who grow crops using GAP practices can achieve greater economic benefits and see improvements in their socio-economic conditions.

**SK**

# YeU Township plans to grow more than 10,000 acres of peanut in this monsoon



YEU July 7

According to the YeU District Agriculture Department, local authorities earmarked cultivation of more than 10,000 acres of peanut in coming monsoon in YeU Township of Sagaing Region.

The authorities earmarked cultivation of 11,329 acres of monsoon peanut in the township in 2025-2026 cultivation season. At present, local farmers are preparing lands for cultivation of peanut.

"This year, during the monsoon crop season, more than 10,000 acres of peanuts are planned to be cultivated in YeU Township," said District Agriculture Department Head U Zaw Myint Tun. "Peanut cultivation is currently being carried out this month. Efforts will also be made to ensure the targeted acreage is fully cultivated. As an oil crop, peanuts are in a successful position, and peanut cultivation has been improving year by year."

In YeU Township, one and a half baskets of seeds are required per acre for peanut cultivation. The cost per acre, including seed costs, labour, fertilizers, and pesticides, is over Ks-200,000. It is reported that over 50 baskets of yield per acre can be harvested.

This year, to ensure the success of the peanut farms in YeU Township, and to prevent pest infestations and weed growth, staff from the Township Agriculture Department will inspect the fields, record findings, and provide necessary support.

**SMK**

# Farmers finish cultivation of more than 4,000 acres of summer paddy in Sagaing Township

SAGAING July 7

A total of 4,239 acres of summer paddy has been planted in Sagaing Township of Sagaing Region, according to the Sagaing Township Agriculture Department.

So far, local farmers have planted 4,239 acres of summer paddy against the target of 4,350 acres in Sagaing Township in 2024-2025 summer cultivation season.

In Sagaing Township, for this year's summer crop season, a total of 4,350 acres were designated for summer paddy cultivation. Of this, 4,239 acres of croplands have already been planted. Efforts are ongoing to ensure the full target acreage is cultivated.

U Myo Thant Aung, head of the Sagaing Township Agriculture Department, stated that farmers are being supported with agricultural techniques, awareness programs to prevent pest infestations, guidance to avoid crop damage and loss, and timely information to ensure harvested paddy is properly stored under cover.

To help farmers increase yield per acre and meet production targets, the department is distributing quality and pure seeds, sharing educational pamphlets, conducting farmer training and awareness discussions, and ensuring timely access to necessary inputs.

Additionally, veteran farmers are being encouraged to prepare in advance for the timely planting of summer paddy and other crops after harvesting monsoon paddy and other seasonal crops. The Agriculture Department has advised them to follow pest and disease prevention guidelines, replenish soil nutrients, and collect high-quality seeds ahead of time in coordination with the department.

**SMK**

# Monywa District completes harvest of winter black gram

MONYWA July 7

Monywa District Agriculture Department stated that local farmers have harvested all sown acreage of black gram in the district of Sagaing Region.

In the district, local farmers planted 4,714 acres of winter black gram. Farmers from Monywa Township harvested 864 acres of winter black gram, Budalin Township 35 acres, Ayadaw Township 2,985 acres and ChaungU Township 830 acres, totalling 4,714 acres, yielding 14.96 baskets per acre.

"In Monywa District, black gram has been cultivated on up to 4,714 acres. Currently, all of these black gram fields have been fully harvested. During the cultivation period, necessary technologies, quality seeds, and methods for preventing pests and diseases were also provided on the ground," said Daw San San Myint, head of the Monywa District Department of Agriculture.

It is reported that the Township Departments of Agriculture in Monywa District have provided awareness and education to black gram farmers on appropriate and locally suitable quality seed varieties, pure seed acquisition, correct cultivation techniques, pest and disease prevention, systematic use of fertilizers, and increasing yield efficiency.

During this year's winter crop season, in the cultivation of various bean crops, the respective Township Departments of Agriculture collaborated with farmers to provide quality and pure seed varieties, inputs, and post-harvest techniques necessary for improving the yield and quality of the bean crops.

**SK**

# IAEA to be held responsible for its assessments made days before strikes on Iran - Lavrov

RIO DE JANEIRO July 7

The IAEA leadership should be held responsible for its assessments made few days before the start of strikes on Iran, as many countries consider them ambiguous, Russian Foreign Minister Sergey Lavrov said on Monday.

"First of all, the IAEA leadership must show responsibility for the assessments it publishes, which it has published in the past and which were submitted to the IAEA Board of Governors just a few days before the aggression began. These assessments have been characterized by many as ambiguous. Unlike the previous reports of the secretariat, they are open to interpretation, implying that Iran is not conscientiously fulfilling its obligations," Lavrov told a press conference following the BRICS summit.

The IAEA should provide guarantees that it will not use "fake stories" to politicize the situation on the Iranian issue, Lavrov added.

"Now we are sure that the secretariat should provide some guarantees that it will henceforth be strictly guided by the powers that it is endowed with, and not try to use 'fake stories' that will later be used to politicize and promote the unilateral interests of some of the members," Lavrov said. **Sputnik**

# BRICS leaders consider Gaza Strip inseparable part of Palestinian Territory

RIO DE JANEIRO July 7

The BRICS leaders consider the Gaza Strip an inseparable part of the Palestinian territory, which should be governed alongside the West Bank by the Palestinian Authority, according to a declaration of the BRICS summit in Rio de Janeiro.

"We recall that the Gaza Strip is an inseparable part of the Occupied Palestinian Territory. We underline, in this regard, the importance of unifying the West Bank and the Gaza Strip under the Palestinian Authority," the document read.

The 17th BRICS summit is taking place in Rio de Janeiro from July 6-7.

On October 7, 2023, Israel was subjected to an unprecedented rocket attack from the Gaza Strip. In addition, fighters of Palestinian movement Hamas infiltrated the border areas, opened fire on the military and civilians and took more than 200 hostages. Israeli authorities say that about 1,200 people were killed during the raid.

In response, Israel launched Operation Iron Swords in the Gaza Strip and announced a complete blockade of the enclave. The hostilities, which were interrupted by brief ceasefires, have claimed the lives of over 57,000 Palestinians and about 1,500 Israelis, and have spread to Lebanon and Yemen.

**Sputnik**

# Death toll from Texas floods rises to 80, Trump denies link with his policy

HOUSTON July 7

Up to 80 people have died while more than 40 people remain missing on Sunday, three days after hours of heavy rain led to major flash flooding in the south-central U.S. state of Texas, authorities said Sunday afternoon.

U.S. President Donald Trump said Sunday he is planning to visit Texas on Friday, hours after signing a major disaster declaration, unlocking key federal resources as search and rescue efforts continue.

Kerr County, the hardest hit among 20 affected counties in the region, alone accounts for at least 68 of the fatalities, including 21 children, Kerr County Sheriff Larry Leitha said Sunday.

Four other counties have reported a combined total of 12 deaths.

Leitha said 10 girls and one counselor from Camp Mystic were still unaccounted for as of Sunday afternoon, noting search and rescue efforts are still underway.

Texas Governor Greg Abbott said at a press conference Sunday afternoon that at least 41 people were still unaccounted for across the state's flood-impacted area.

He warned that additional heavy rainfall is expected in the coming days, keeping parts of the state at risk for further flooding.

The Federal Emergency Management Agency has opened seven shelters, which are also providing food and water for central Texas communities, said a CNN report.

Also on Sunday, Trump pushed back on criticism that his administration's budget cuts to the nation's weather services had played a role in the deadly floods in Texas.



**Xinhua**

# Death toll of Turkish soldiers rises to 8 in northern Iraq's methane gas accident

ANKARA July 7

The death toll of Turkish soldiers rose to eight after three more succumbed to methane gas exposure during a search and clearance operation in a cave in northern Iraq, Türkiye's Defence Ministry said Monday.

The accident occurred Sunday in Türkiye's Operation Claw-Lock zone, where Turkish forces were searching a cave previously used by the outlawed Kurdistan Workers' Party (PKK) in an effort to recover the remains of a first lieutenant killed in 2022.

Nineteen soldiers who were exposed to methane gas during the mission were immediately hospitalized, with five dying on Sunday, said the ministry.

"We offer our condolences and prayers for the noble martyrs who lost their lives in this incident, which has caused us deep sorrow and grief, and we wish their bereaved families, the Turkish Armed Forces, and our noble nation patience and strength, and a speedy recovery to those affected," the ministry said in its latest statement.

Türkiye launched Operation Claw-Lock in 2022 to target the PKK hideouts in northern Iraq's Metina, Zap, and Avasin-Basyan regions near the Turkish border.

The PKK, listed as a terrorist organization by Türkiye, the United States, and the EU, has rebelled against the Turkish government for more than four decades.

In May, the group announced its decision to disband and end its armed insurgency. **Xinhua**

►► From Page - 18
congregation led by the Senior General took the Nine Precepts from the SSMNC Chairman Sayadaw. Sayadaws recited Parittas.

Next, the Senior General and wife offered Waso robes and alms to the SSMNC Chairman Sayadaw.

The Vice-Senior General and wife then offered Waso robes and alms to the SSMNC Secretary Sayadaw. The SAC Secretary and wife, the SAC Joint Secretary and wife, SAC members and wives, union level dignitaries offered Waso robes and alms to the remaining Sayadaws.

The congregation heard a sermon delivered by the SSMNC Secretary Sayadaw and the merits gained were shared. The ceremony then came to a close after a three-time recitation of Buddha Sasanam Ciram Tittatu.

After the ceremony, the Senior General and attendees offered day meal to the Sayadaws.

**100**



SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe offer day meal to Sayadaws.



SAC member Dr.Ba Shwe presents Waso robes and offertories to a Sayadaw.



SAC member Porel Aung Thein presents Waso robes and offertories to a Sayadaw.



SAC member U Wunna Maung Lwin presents Waso robes and offertories to a Sayadaw.

# Farmers harvest more than 1,800 acres of sunflower in Phaungpyin Township

PHAUNGPYIN July 7

According to statistics from the Mawlaik District Department of Agriculture, winter crop sunflower on 1,805 acres has been harvested in Phaungpyin Township, Sagaing Region.

During the winter crop season in Phaungpyin Township, a total of 2,407 acres of sunflowers were cultivated. The harvesting process began in January of this year, and as of today, 1,805 acres have been harvested, yielding an average of 29.20 baskets per acre.

"The winter crop season in Phaungpyin Township saw sunflower cultivation reaching up to 2,407 acres. Currently, the harvested fields are already completed, with 1,805 acres harvested so far. To reduce the import of palm oil, we are promoting the expansion of sunflower cultivation, as it is an oilseed crop. Compared to peanuts and sesame, sunflowers yield more oil per acre. That is why sunflowers are cultivated mainly in the winter season," said Daw Kywe Kywe Hlaing, the head of the Mawlaik District Department of Agriculture.

To expand sunflower cultivation in Phaungpyin Township, the Township Agriculture Department has intensified training programs to educate farmers and enhance the efficiency of both staff and farmers.

Additionally, plans have been made to support sunflower farmers by providing seeds, selling urea fertilizers at affordable prices, and distributing new sunflower varieties through farmer-to-farmer exchange systems.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# INNOVATION

## ဆုံးရှုံးလိုက်ရတဲ့ကိုယ်လက်အင်္ဂါများကို ပြန်ထွက်စေနိုင်မယ့်နည်းလမ်းထွက်ပေါ်လာ

လူသားတွေဖြစ်ဖြစ်၊ တိရစ္ဆာန်တွေဖြစ်ဖြစ် ကိုယ်လက်အင်္ဂါတွေကို ဖြတ်လိုက်ရခြင်း ဒါမှမဟုတ် ပြတ်တောက်သွားခြင်းတို့ကြောင့် ကြီးစွာသောဆုံးရှုံးမှုများဖြစ်ရပါတယ်။ အဲဒီဆုံးရှုံးမှုဟာ ဘယ်လိုမှပြန်မရနိုင်တဲ့ ဆုံးရှုံးမှုကြီးလည်းဖြစ်ပါတယ်။

အခုတော့ အဲဒီဆုံးရှုံးမှုဆိုတာကြီးက မရှိလာနိုင်တော့ပါဘူး။ အကြောင်းရင်းက သုတေသနပညာရှင်များဟာ မျိုးရိုးဗီဇပြောင်းလဲခြင်းအားဖြင့် ပျက်စီးဆုံးရှုံးသွားတဲ့ ကိုယ်လက်အင်္ဂါတွေကို ပြန်ပေါက်စေမယ့်နည်းလမ်းကို ရှာဖွေတွေ့ရှိလိုက်လို့ပဲဖြစ်ပါတယ်။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အမျိုးသားဇီဝသိပ္ပံဌာနမှ သုတေသနပညာရှင်များက ကြွက်တစ်ကောင်ရဲ့ ပျက်စီးသွားတဲ့နားတစ်ဖက်ကို ပြန်ထွက်လာစေအောင်လုပ်ဆောင်နိုင်ခဲ့တာပါ။ ဒါကြောင့် ဆုံးရှုံးလိုက်ရတဲ့ကိုယ်လက်အင်္ဂါတွေကို ပြန်ပေါက်စေမယ့်နည်းလမ်းက အမှန်တကယ်ရှိတယ်ဆိုတာကို သူတို့ကသက်သေပြနိုင်ခဲ့တာတွေ့ရပါတယ်။

သုတေသနပညာရှင်များက အရေးပါတဲ့ မော်လီကျူးတစ်ခုဖြစ်တဲ့ ရက်တီနိုးအစ်အက်စစ်ကို အဓိကပစ်မှတ်ထားပြီးလေ့လာမှုလုပ်ခဲ့တာပါ။ သူတို့ရဲ့လေ့လာချက်အရ အဲဒီရက်တီနိုးအစ်အက်စစ်ပြတ်လပ်မှုက ကြွက်ရဲ့နားကိုပြန်ပေါက်နိုင်ခြင်းမရှိစေဖို့ တားမြစ်ထားတယ်ဆိုတာကို တွေ့ရှိရပါတယ်။ ရက်တီနိုးအစ်အက်စစ်ဆိုတာ ကလာပ်စည်းတွေ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တစ်သျှူးတွေကိုပြုပြင်မှုအတွက် အရေးပါတဲ့မော်လီကျူးဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**



## တစ်စက္ကန့်မှာ ခြင်အကောင် ၃၀ ကိုချေမှုန်းမယ့် ခြင်ရန်ကာကွယ်ရေးလေဆာ

ခြင်တွေဆိုတာ တစ်ကမ္ဘာလုံးရဲ့ရန်သူလို့တောင် တင်စားရတဲ့အထိပါပဲ။ သူတို့ကိုချေမှုန်းနိုင်ဖို့ နည်းလမ်းများစွာနဲ့ ကြိုးပမ်းပေမယ့်လည်း ခြင်တွေကအခုချိန်အထိရှင်သန်နိုင်နေဆဲဖြစ်ပါတယ်။ အဲဒီနည်းလမ်းတွေထဲမှာ ခြင်တွေသားမပေါက်နိုင်အောင်လုပ်တဲ့နည်းမှသည် ခြင်ဆေးခွေတွေလိုမျိုး ခြင်တွေကိုပြေးစေတဲ့နည်းလမ်းအထိပါဝင်ပါတယ်။ အခုတရုတ်နိုင်ငံမှပညာရှင်များရဲ့တီထွင်မှုတစ်ခုကတော့ ခြင်တွေကိုချေမှုန်းမယ့်လေဆာလက်နက်ဖြစ်ပါတယ်။

အဲဒီလေဆာလက်နက်ကို Photon Matrix လို့အမည်ပေးထားပါတယ်။ သူက အမျိုးအစားခွဲခြားမှု အလွန်မြင့်မားလှတဲ့ LiDar နည်းပညာကိုအသုံးပြုထားတာပါ။ ဒီနည်းပညာကိုအသုံးပြုထားတဲ့အတွက် ခြင်ရန်ကာကွယ်ရေးလေဆာလက်နက်ဟာ လူတွေနဲ့တခြားအိမ်မွေးတိရစ္ဆာန်တွေကို ထိခိုက်မှုမရှိစေဘူးလို့ ဂျင်ဝေါင်းကုမ္ပဏီကထုတ်ပြန်ထားပါတယ်။ ဒါ့အပြင် သူ့ရဲ့စွမ်းဆောင်ရည်က တစ်စက္ကန့်တိုင်းမှာ ခြင်အကောင် ၃၀ ကိုချေမှုန်းနိုင်စွမ်းရှိတာကြောင့် ထိရောက်တဲ့ခြင်ရန်ကာကွယ်ရေးလက်နက်ဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**



# MILITARY

## အဆင့်မြင့်တဲ့အလိုအလျောက်စနစ်နဲ့ ပင်လယ်ပြင်ကာကွယ်ပေးမယ့် မြန်နှုန်းမြင့် Needlefish




Ocean Infinity ဆိုတဲ့ ကုမ္ပဏီက ပင်လယ်ပြင်ရှာဖွေရေးမှာ နာမည်ကြီးလှပါတယ်။ အခုအဲဒီကုမ္ပဏီက မြန်နှုန်းမြင့်လှတဲ့ အလိုအလျောက်ကင်းလှည့်ရေယာဉ်တစ်စင်းကို ထုတ်ဖော်ပြသခြင်းအားဖြင့် နယ်ပယ်အသစ်ထဲကို ဝင်ရောက်လာပါပြီ။

ကုမ္ပဏီက Needlefish ဆိုတဲ့ရေယာဉ်ကို ထုတ်ဖော်ပြသလိုက်တာပါ။ အဲဒီရေယာဉ်စီမံကိန်းကို ကုမ္ပဏီကလျှို့ဝှက်စွာအကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ မောင်းသူမဲ့ အလိုအလျောက်ရေပေါ်သွားအမြန်ယာဉ်တစ်မျိုးဖြစ်တဲ့ Needlefish က အလျား ၄၆ ပေရှိပြီး ကူဝိတ်ကမ်းခြေစောင့်တပ်ဖွဲ့က နှစ်စင်းမှာယူထားတာတွေ့ရပါတယ်။

Needlefish က သူ့ချည်းသက်သက်သာ အသုံးဝင်တဲ့ ရေယာဉ်တစ်စင်းမဟုတ်ပါဘူး။ ဘက်ပေါင်းစုံကနေ တွေ့ကြုံလာနေရတဲ့ အန္တရာယ်တွေကနေ ကာကွယ်နိုင်စေဖို့အတွက် ကွန်ရက်ချိတ်ဆက်မှုကနေတစ်ဆင့် လုပ်ငန်းကိုအောင်မြင်စွာဆောင်ရွက်နိုင်တဲ့ ရေယာဉ်တစ်စင်းဖြစ်ပါတယ်။

သူ့မှာ အမျိုးစုံလှစွာသော ပင်လယ်ရေကြောင်းကင်းထောက်အာရုံခံကိရိယာများစွာတပ်ဆင်ထားပြီး လူမဲ့ကင်းလှည့်ခြင်း၊ ကင်းထောက်ခြင်း၊ မြေပုံရေးဆွဲခြင်းနဲ့ တိုင်းတာခြင်းလုပ်ငန်းများအပါအဝင်တာဝန်မျိုးစုံကို ထမ်းဆောင်နိုင်စွမ်းရှိတယ်လို့ ဆိုပါတယ်။ **Ref: IE**

**ကိုထက်**

## ဒုံးကျည်ကိုဖျက်ဆီးလိုက်နိုင်တဲ့ လေယာဉ်သုံးလေဆာလက်နက်



တူကီယဲနိုင်ငံက ကျည်စစ်ကျည်မှန်ကို အသုံးပြုတဲ့ လက်တွေ့စမ်းသပ်မှုတစ်ခုကို အောင်မြင်စွာလုပ်ဆောင်လိုက်နိုင်ပါတယ်။ တူကီယဲနိုင်ငံရဲ့ ဦးဆောင်ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုကုမ္ပဏီဖြစ်တဲ့ အာဆဲဆန်ကုမ္ပဏီက တိုက်ပွဲနယ်မြေထဲအတွင်း အနီအောက်ရောင်ခြည်လမ်းညွှန်စနစ်သုံး ဒုံးကျည်များကို ထိရောက်စွာပစ်ချနိုင်တဲ့ လေဆာလက်နက်စနစ်တစ်မျိုးကို အောင်မြင်စွာစမ်းသပ်လိုက်နိုင်တာပါ။

အဲဒီလေဆာလက်နက်စနစ်ကို တိုက်လေယာဉ်များ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များမှာ တပ်ဆင်အသုံးပြုနိုင်မှာဖြစ်တာကြောင့် ဒါကလေကြောင်းရန်ကာကွယ်ရေးမှာ အရေးပါတဲ့အလွှာတစ်ခုဖြစ်လာစေမှာဖြစ်ပါတယ်။ YILDIRIM-100 လို့အမည်ရတဲ့ အဲဒီစနစ်က ပစ်မှတ်ကိုအလိုအလျောက်သိရှိကာ ချေမှုန်းနိုင်စွမ်းရှိတယ်လို့လည်းဆိုပါတယ်။ **Ref: IE**

**ကိုထက်**

## စစ်သုံးပစ္စည်းများကို မိုင် ၆၀၀ အထိပို့ဆောင်ပေးမယ့် eVTOL




ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက် MightyFly ကုမ္ပဏီက ကုန်တင်လေယာဉ်အမျိုးအစားတစ်မျိုးကို အောင်မြင်စွာစမ်းသပ်ပြလိုက်နိုင်ပါတယ်။ ဒီကုန်တင်ယာဉ်က သမားရိုးကျကုန်တင်ယာဉ်မဟုတ်ပါဘူး။ လျှပ်စစ်စွမ်းအင်အသုံးပြုပြီး ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်တဲ့ မောင်းသူမဲ့လေယာဉ်တစ်မျိုးဖြစ်ပါတယ်။

MightyFly ကုမ္ပဏီက အမေရိကန်လေတပ်အတွက်ဖန်တီးပေးထားတဲ့ အဲဒီလေယာဉ်က မိုင်ပေါင်း ၆၀၀ အထိကိုသွားနိုင်ပြီး ကုန်ပစ္စည်းအထုပ်အပိုးတွေကိုလည်း သတ်မှတ်ထားတဲ့နေရာအရောက် အလိုအလျောက်ထားရှိပေးနိုင်မှာပါ။ ဒီစနစ်က ဘေးကင်းစိတ်ချရမှုရှိပြီး တစ်ခေတ်ဆန်းသစ်စေမယ့် သယ်ယူပို့ဆောင်ရေးစနစ်ကိုအာမခံချက်ပေးနိုင်မှာဖြစ်တယ်လို့ဆိုပါတယ်။ **Ref: IE**

**ကိုထက်**

# BRICS က အမေရိကန်နှင့် ထိပ်တိုက်တွေ့ဆုံမည့်နည်းလမ်းကို အကောင်အထည်ဖော်နေခြင်းမရှိဟု တရုတ်ပြော




ပေကျောင်း၊ စီးပွားရေး

ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ဖြင့် အဓိက ဖွဲ့စည်းထားသော BRICS အဖွဲ့သည် အမေရိကန်နိုင်ငံနှင့် ထိပ်တိုက်တွေ့ဆုံမည့် နည်းလမ်းကို အကောင်အထည်ဖော်နေခြင်းမရှိကြောင်း တရုတ်အစိုးရက ဇူလိုင်လ ၇ ရက်တွင်ပြောသည်။

BRICS အဖွဲ့နှင့် စိတ်တူကိုယ်တူရှိသော နိုင်ငံများကို သွင်းကုန်အခွန် ၁၀ ရာခိုင်နှုန်း ထပ်တိုးကောက်ခံမည်ဟူသော အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ကတိပြုမှု ထွက်ပေါ်လာအပြီးတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မော်နင်းကယခုကဲ့သို့ပြောခြင်းဖြစ်သည်။

"သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံခြင်းနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံရဲ့ရပ်တည်မှုသဘောထားကို အကြိမ်ကြိမ်ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ကုန်သွယ်ရေးနဲ့သွင်းကုန်အခွန်စစ်ပွဲတွေမှာ အနိုင်ရသူဆိုတာမရှိပါဘူး။ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒဆိုတာကလည်း ရှေ့ဆက်လျှောက်ဖို့လမ်းကိုပိတ်ပင်တားဆီးထားစေပါတယ်" ဟု မော်နင်းကပြောသည်။

BRICS အဖွဲ့ဝင်နိုင်ငံများမှ ထိပ်သီးခေါင်းဆောင်များက ဇူလိုင်လ ၆ ရက်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌တွေ့ဆုံဆွေးနွေးစဉ် ထရမ့်၏လက်ရှိကျင့်သုံးနေသော သွင်းကုန်အခွန်တိုးမြှင့်ချမှတ်ခြင်းအပေါ် ဝေဖန်ထားသည်။

ထို့နောက် BRICS အဖွဲ့နှင့်တစ်စိတ်တစ်ဝမ်းတည်းရှိသူများသည် အမေရိကန်ကို ဆန့်ကျင်ရေးဝါဒီများဖြစ်သည်ဟု မှတ်ယူမည်ဖြစ်ကြောင်း ထရမ့်ကပြောထားခြင်းဖြစ်သည်။

Ref: AGC

# တက္ကဆက်ပြည်နယ်ရေကြီးမှု သေဆုံးသူဦးရေ ၈၀ အထိရှိလာ

ဩစတင်၊ သဘာဝဘေး



အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်အလယ်ပိုင်း၌ ဖြစ်ပွားသော ရေကြီးမှုအတွင်း သေဆုံးသူ ဦးရေ ၈၀ အထိရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဇူလိုင်လ ၆ ရက်တွင်ပြောသည်။ ထို့ပြင် ပျောက်ဆုံးနေသူ ဒါဇင်ပေါင်းများစွာကိုလည်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက အသည်းအသန်ရှာဖွေမှုများလုပ်ဆောင်နေကြောင်းသိရသည်။

လက်ရှိရရှိထားသည့်စာရင်းများအရ သေဆုံးသူဦးရေ ၈၀ အနက် အနည်းဆုံး ၂၈ ဦးမှာ ကလေးငယ်များဖြစ်ပြီး ထိုကလေးငယ်အများစုသည် မိန်းကလေးများအတွက်ဖွင့်လှစ်သော ခရစ်ယာန်နွေရာသီစခန်းသို့ တက်ရောက်နေသူများဖြစ်သည်။

တက္ကဆက်ပြည်နယ်အတွင်း ဇူလိုင်လ ၄ ရက်နံနက်ပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းသောကြောင့် မိုးရေချိန် ၁၅ လက်မအထိရောက်ရှိပြီး ဂွါဒါလုပ်မြစ်ရေသည်လည်း ၆ မီတာကျော်မြင့်တက်လာကာ နွေရာသီစခန်းတက်ရောက်နေသူများမှာ ရေစီးနှင့်အတူမျောပါသွားခြင်းဖြစ်သည်။

ထို့ကြောင့် ဒေသတစ်ဝန်း၌နေထိုင်သူများအနေဖြင့် ကုန်းမြင့်နေရာများတွင် နေထိုင်ကြရန်အကြံပြုကြောင်းနှင့် ရေကြီးမှုကဆက်လက်ဖြစ်ပွားနိုင်သည်ဟု ခန့်မှန်းရကြောင်းနှင့် ပြည်သူ ၈၀၀ ကျော်ကို ဘေးကင်းရာသို့ကယ်ဆယ်ထားကြောင်း တာဝန်ရှိသူများကပြောသည်။

Ref: CD

# ထိုင်းနိုင်ငံက ကမ္ဘောဒီးယားကိုအသရေဖျက်ရန် ကြိုးပမ်းဟုဆို

ဖနွမ်းပင်၊ နိုင်ငံရေး

ထိုင်းနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံကို အသရေဖျက်ရန်ကြိုးပမ်းကြောင်း ကမ္ဘောဒီးယားတာဝန်ရှိသူများက ဇူလိုင်လ ၇ ရက်တွင်ပြောသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ထိုင်းနိုင်ငံအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများလုပ်ဆောင်သည်ဟုစွပ်စွဲကာ အသရေဖျက်ရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားဆက်သွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် ထိုင်းနိုင်ငံကစွပ်စွဲသကဲ့သို့ မြောက်ကိုရီးယားဟက်ကာအဖွဲ့များနှင့် ချိတ်ဆက်မှုများမရှိကြောင်း ဆက်သွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အဆိုပါအိမ်နီးချင်းနှစ်နိုင်ငံသည် နယ်စပ်အငြင်းပွားမှုနှင့်ပတ်သက်၍ ဆက်ဆံရေးတင်းမာနေခြင်းဖြစ်ပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံကြား နယ်စပ်ဂိတ်အများအပြားကိုလည်းပိတ်ထားသည်။

Ref: AGC

## သတင်းတိုကဏ္ဍ

### အမေရိကပါတီက လွှတ်တော်တွင် ပါတီနှစ်ခု၏ လွှမ်းမိုးမှုကို ဖြိုခွဲသွားမည်ဟု အီလွန်မက်ပြော

အသစ်တည်ထောင်လိုက်သော အမေရိကပါတီသည် အမေရိကန်လွှတ်တော်၌ ပါတီကြီးနှစ်ခု၏ လွှမ်းမိုးမှုကိုဖြိုခွဲသွားမည်ဖြစ်ကြောင်း ပါတီတည်ထောင်သူ ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီး အီလွန်မက်ကပြောသည်။

အမေရိကန်နိုင်ငံရေး၌လွှမ်းမိုးလျက်ရှိသော ရီပတ်ဘလစ်ကန်များ၊ ဒီမိုကရက်တစ်များသည် နိုင်ငံ၏ဘဏ္ဍာငွေများကို လွဲမှားစွာအသုံးပြုနေကြောင်း၊ မဲပေးသူများမှာလည်း ထိုပါတီကြီးနှစ်ခု၏လွှမ်းမိုးမှုကို မတတ်သာဘဲရင်ဆိုင်နေရလျက်ရှိကြောင်း၊ ယင်းကြောင့် မဲပေးသူပြည်သူများအနေဖြင့် အခြားရွေးချယ်စရာရှိစေရန် အမေရိကပါတီကိုတည်ထောင်ခြင်းဖြစ်ကြောင်း အီလွန်မက်ကလူမှုကွန်ရက်တွင်တင်ထားသည်။

၂၀၂၆ ခုနှစ်တွင်ကျင်းပမည့် အစိုးရသက်တမ်းဝက် ရွေးကောက်ပွဲများမတိုင်မီ ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်တစ်တို့၏လွှမ်းမိုးမှုကို စိန်ခေါ်သွားမည်ဖြစ်ကြောင်း အီလွန်မက်ကပြောထားသည်ဟုသိရသည်။

Ref: RT

### အင်ဒိုနီးရှား၌ လီဝိုတိုဘီမီးတောင်ပေါက်ကွဲမှုဖြစ်ပွား ပြာများကို ၁၈ ကီလိုမီတာအမြင့်အထိမှုတ်ထုတ်

အင်ဒိုနီးရှားနိုင်ငံရှိ မီးတောင်ရှင်များအနက် လှုပ်ရှားမှုအရှိဆုံးသော မီးတောင်တစ်လုံးဖြစ်သည့် လီဝိုတိုဘီမီးတောင်သည် ဇူလိုင်လ ၇ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ ပြာများကိုမီးတောင်ထိပ်မှ ၁၈ ကီလိုမီတာအမြင့်ရောက်သည်အထိ မှုတ်ထုတ်ကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုသည် နံနက် ၁၁ နာရီ ၅ မိနစ်တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ထိုသို့ပေါက်ကွဲမှုမှထွက်ပေါ်လာသည့် ပြာများကြောင့် လေကြောင်းခရီးစဉ်များကိုဖျက်သိမ်းရသည်အထိဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

မီးတောင်ပေါက်ကွဲမှုကြာမြင့်ချိန်က ၆ မိနစ်နှင့် ၂၆ စက္ကန့်ရှိကြောင်း၊ ကြီးမားသောပေါက်ကွဲသံကြီးနှင့်အတူ ပြာပူများထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ မီးတောင်အနီးနေထိုင်သူများအနေဖြင့် ချော်ရည်စီးဆင်းမှုများကို သတိပြုနေထိုင်ရမည်ဖြစ်ကြောင်း၊ မီးတောင်ပြာကျဆင်းမှုကိုရင်ဆိုင်ရသည့် ဒေသခံများသည် နှာခေါင်းစည်းများတပ်ထားသင့်ကြောင်း တာဝန်ရှိသူများကသတိပေးထားသည်။

Ref: RT

### တောင်ကိုရီးယား၌ မုတ်သုံရာသီကုန်ဆုံးပြီးနောက် အပူချိန်များအလွန်မြင့်တက်လာ

တောင်ကိုရီးယားနိုင်ငံ၌ ဇူလိုင်လ ၃ ရက်တွင် မုတ်သုံရာသီကုန်ဆုံးသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများကကြေညာပြီးနောက် နိုင်ငံတစ်ဝန်း၌ ဇူလိုင်လ ၇ ရက်မှစ၍ အပူချိန်များအလွန်မြင့်တက်လာကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ကိုရီးယားမိုးလေဝသဌာနက နိုင်ငံတစ်ဝန်းအပူချိန်အလွန်မြင့်တက်မှုနှင့်ပတ်သက်၍ သတိပေးချက်များထုတ်ပြန်ထားကြောင်း၊ လာမည့်ရက်အနည်းငယ်အတွင်း နေ့အပူချိန်များသည် ၃၃ ဒီဂရီစင်တီဂရိတ်အထိရောက်ရှိလာနိုင်ကြောင်း၊ အမြင့်ဆုံးအပူချိန်မှာ ၃၅ ဒီဂရီစင်တီဂရိတ်ရှိနိုင်ကြောင်း အကြံပြုချက်များတွင်ဖော်ပြထားသည်။

ယခုနှစ်အတွက် အပူချိန်မြင့်တက်မှုနှင့်ပတ်သက်၍ သတိပေးချက်ထုတ်ပြန်ခြင်းသည် ယမန်နှစ်ကထုတ်ပြန်မှုထက် ၁၈ ရက်ပိုစောကြောင်း၊ အကယ်၍ အပူချိန်သည် ၃၆ ဒီဂရီစင်တီဂရိတ်အထိမြင့်တက်လာမည်ဆိုပါက စံချိန်တင်အပူချိန်အဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

Ref: ST

### ထိုင်းက အမေရိကန်၏ကုန်ပစ္စည်းများအပေါ် သွင်းကုန်အခွန်ကင်းလွတ်မှုပေးမည့် အဆိုပြုချက်ပေး

ထိုင်းအစိုးရသည် အမေရိကန်နှင့် ကုန်သွယ်ရေးသဘောတူညီချက်အတွက် အမေရိကန်၏ ကုန်ပစ္စည်းများအပေါ် သွင်းကုန်အခွန်ကင်းလွတ်မှုပေးမည့် အဆိုပြုချက်အသစ်ကိုပေးလိုက်ပြီဖြစ်ကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီးက ဇူလိုင်လ ၇ ရက်တွင်ပြောသည်။

ထိုင်းနိုင်ငံမှ အမေရိကန်သို့တင်သွင်းနေသောကုန်ပစ္စည်းများအပေါ် အမေရိကန်က သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံနိုင်မှုကိုရှောင်ရှားနိုင်ရေးအတွက် ယခုကဲ့သို့ အဆိုပြုခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးကဆက်ပြောသည်။

အမေရိကန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကြား လုပ်ဆောင်နေသည့် ကုန်သွယ်ရေးဆွေးနွေးမှုက ဇူလိုင်လ ၉ ရက်တွင် အပြီးသတ်သဘောတူညီချက်မရရှိလျှင် ထိုင်းနိုင်ငံမှတင်သွင်းသည့်သွင်းကုန်များကို အခွန် ၃၆ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရကသတိပေးထားသည်ဟုသိရသည်။

Ref: ST

# ဒူးရင်းသီးနှင့် ကျန်းမာရေး







အနံ့အရသာနှင့်ပြည့်စုံသော ဒူးရင်းပင်၏ ဌာနေဒေသမှာ ဘရူနိုင်း၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ဖြစ်ပြီး ကမ္ဘာပေါ်တွင် ဒူးရင်းပင်မျိုးစိတ်ပေါင်း ၃၀ ရှိရာ ယင်းတို့အနက် ကိုးမျိုးသာစား၍ရသည်။ အပင်စိုက်ပြီး လေးနှစ်၊ ငါးနှစ်ခန့်အကြာတွင် စတင်အသီးသီးလေ့ရှိသည်။ အသီးမှည့်၍ နှစ်ရက်မှ လေးရက်အကြာတွင် သူ့အလိုလို အပင်ပေါ်မှ ကြွေကျတတ်သည်။ အဆူးမာအခွံများ၏အန္တရာယ်ကြောင့် ဒူးရင်းသီးများရင့်မှည့်သောရာသီရောက်ပါက အပင်အောက်မှ သတိထားပြီး ဖြတ်သန်းသွားလာသင့်သည်။ ခူးဆွတ်ပြီး ငါးရက်မှ ခြောက်ရက်အတွင်း စားသုံးပါက အရသာပိုရှိသည်။ ဒူးရင်းသီး၏ ထူးခြားသောအရသာကြောင့် အရှေ့တောင်အာရှနိုင်ငံများ၌ ဒူးရင်းသီးကို အသီးမှာဘုရင်ဟု တင်စားခေါ်ဝေါ်ကြသည်။

ဒူးရင်းသီး၏ထူးခြားချက်မှာ ညဘက်တွင် အပင်ပေါ်မှကြွေကျလေ့ရှိပြီး အပွင့်မှာလည်း ညဘက်မှသာ ကြွေကျလေ့ရှိသည်။ ဒူးရင်းသီးမှာ အဝါရောင်သန်းနေပြီး လက်ဖြင့်ပုတ်ကြည့်၍ ခပ်အုပ်အုပ်အသံထွက်ပါက ကောင်းသော၊ အသားပြည့်သော အသီးဖြစ်သည်။ ခဲရောင်သန်းနေပြီး လက်ဖြင့်ပုတ်ကြည့်၍ ဂလိုင်သံထွက်လာပါက ထိုအသီးထဲရှိအမြွှာမှာ ချောင်နေပြီး အသားမှာ မာဆတ်ဆတ်ဖြစ်သည်။ မွန်ပြည်နယ် ရေးမြို့မှထွက်သော ဒူးရင်းသီးသည် နာမည်ကျော်ကြားလှပြီး ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှလည်း ဒူးရင်းသီးထွက်ရှိသည်။

## ဒူးရင်းသီးနှင့်ကျန်းမာရေး

- ၁၀၀ ဂရမ် (သုံးမွှာခန့်) အလေးချိန်ရှိသော ဒူးရင်းသီးတွင် ကယ်လိုရီ ၁၄၇၊ ကာဗိုဟိုက်ဒရိတ် ၂၇ ဂရမ်၊ ပရိုတင်း ၁ ဒသမ ၅ ဂရမ်၊ အဆီဓာတ် ၅ ဂရမ်၊ ဆိုဒီယမ် ၂ မီလီဂရမ်၊ ပိုတက်ဆီယမ် ၄၃၆ မီလီဂရမ်တို့ အသီးသီးပါရှိသည်။
- ဒူးရင်းသီးအနှစ်သားသည် ပရိုတင်းဓာတ်ကြွယ်ဝရုံသာမက လူသားတို့ကျန်းမာရေးအတွက် အကျိုးပြုဗီတာမင်နှင့် သတ္တုဓာတ် ၁၇ မျိုးပါရှိသည့်အတွက် နာလန်ထစလူနာများ ခွန်အားပြည့်ဓာတ်စာအဖြစ် မှီဝဲနိုင်သည်။
- ဒူးရင်းသီးအနှစ်သားထဲတွင် သဘာဝသကြားဓာတ်ပါရှိကာ အလွန်နူးညံ့ပြီး အစာကြေလွယ်သဖြင့် ကိုယ်အလေးချိန်မပြည့်သော ကလေးငယ်များအတွက် ဖြည့်စွက်စာအဖြစ် ကျွေးနိုင်သည်။
- ဒူးရင်းသီးတွင်ပါရှိသော သံဓာတ်နှင့်ဖော့စဖရပ်စ်တို့သည် ငှက်ပျောသီးတွင်ပါဝင်မှုထက် ၁၀ ဆကျော်ပိုများသဖြင့် ကလေးမီးဖွားပြီးစမိခင်များအနေဖြင့် ဒူးရင်းသီးစားသုံးနိုင်သည်။ ထို့ပြင် အခွံကိုမီးမြှိုက်၍ အခွံအတွင်းသားအမျှင်များကို စားသုံးရန် အထူးသင့်တော်သည်။
- အသီးထဲတွင်ပါဝင်သော အဆီဓာတ်သည် တခြားအသီးအနှံများထက် အဆီဓာတ်ပါဝင်မှု မြင့်မားသော်လည်း ကိုလက်စထရောကင်းသော အဆီဓာတ်ဖြစ်သည်။
- အစာကြေလွယ်သော အမျှင်ဓာတ်များ ပေါကြွယ်ဝသောကြောင့် ဝမ်းပျော့စေပြီး အူသိမ်၊ အူမထဲရှိ အရိအရွဲများကိုလျော့စေကာ အူမကြီးကင်ဆာဖြစ်ပွားခြင်းမှ ကာကွယ်ပေးသည်။ အလွန်အမင်းဝမ်းချုပ်ပါက ဒူးရင်းသီးအခွံ၏ အတွင်းသားဖြင့် ဝမ်းဗိုက်ကို ပွတ်တိုက်ပေးနိုင်သည်။
- ခန္ဓာကိုယ်ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်-B ဓာတ်ပေါင်းစုများ ကြွယ်ဝသောကြောင့် ကိုယ်ခံစွမ်းအားမြင့်မားကာ ပြင်ပရောဂါများကို အလွယ်တကူမကူးစက်နိုင်အောင် တိုက်ထုတ်ပေးသည်။
- ဒူးရင်းသီးသာမက အမြစ်နှင့်အရွက်တို့ကိုလည်း တိုင်းရင်းဆေးဆရာများက အပြင်းဖျားနာခြင်းနှင့် အသားဝါရောဂါကုထုံးများတွင် အသုံးပြုလေ့ရှိသည်။
- သွေးသန့်စေသည့်အပြင် သွေးနီဥဆဲလ်များကို ထုတ်လုပ်ပေးပြီး သံဓာတ်နှင့်ဖောလစ်အက်စစ်တို့ကြွယ်ဝသဖြင့် သွေးအားနည်းရောဂါကို မဖြစ်စေနိုင်ပါ။
- ဒူးရင်းသီးထဲတွင် နှလုံးခုန်နှုန်းနှင့် သွေးဖိအားတို့ကိုထိန်းချုပ်ပေးနိုင်သည့် ပိုတက်ဆီယမ်ဓာတ်ကြွယ်ဝစွာပါရှိသည်။
- ဦးခေါင်းပေါ်ရှိ ဒက်နှင့်အရေပြားပေါ်ရှိ ပွေးကွက်များအတွက် ဒူးရင်းအရွက်ပြုတ်ရည်ဖြင့် လိမ်းကျံပေးနိုင်သည်။
- ကော့ပါးဓာတ်ပါရှိသဖြင့် သိုင်းရွိုက်(လည်ပင်းအကျိတ်)ဝေဒနာများကို ကောင်းကျိုးပြုသည်။
- ပရိုတင်းဓာတ်ကြွယ်ဝမှုကြောင့် ကြွက်သားများ ကောင်းမွန်စွာတည်ဆောက်မှုကို အထောက်အကူပြုပေးသည်။
- ဒူးရင်းသီးသည် သွေးလည်ပတ်မှုကိုအားပေးသည်။
- အသီးထဲတွင် မဂ္ဂနီဆီယမ်၊ ဗီတာမင်-B နှင့် ပိုတက်ဆီယမ်တို့ ကြွယ်ဝစွာပါရှိခြင်းကြောင့် အရိုးနှင့်အရိုးဆက်များ ကျန်းမာရေးကို ကောင်းစွာပံ့ပိုးပေးသည်။
- ခြေသည်း၊ လက်သည်းများ မှိုပိုးစွဲခြင်းအတွက် ဒူးရင်းပင်အမြစ်က ကောင်းစွာကုသပေးနိုင်စွမ်းရှိသည်။
- မဂ္ဂနိစ်ဓာတ်ပါရှိခြင်းကြောင့် သွေးထဲရှိသကြားပမာဏကို ပုံမှန်ဖြစ်အောင်ထိန်းချုပ်ပေးသည်။
- မီးစုန်းဓာတ်ပါရှိသဖြင့် သွားနှင့်သွားဖုံးကျန်းမာရေးကို ကောင်းစွာမြှင့်တင်ပေးသည်။
- ဒူးရင်းသီးအခွံကို ခုတင်အောက်၌ထားခြင်းဖြင့် ကြမ်းပိုးနှင့် ခြင်အန္တရာယ်တို့မှ ကင်းဝေးစေသည်။
- Pyridoxine (ခေါ်) ဗီတာမင်-B6 နှင့် အမိုင်နိုအက်စစ်တစ်မျိုးဖြစ်သော Tryptophan တို့ပါဝင်သဖြင့် စိတ်ကျရောဂါများ၊ စိုးရိမ်ကြောင့်ကြဖြစ်ခြင်းနှင့် စိတ်ဖိစီးခြင်း စသည့်ဝေဒနာများ ပြေပျောက်စေကာ အိပ်မောကျစေ၍ ဉာဏ်ရည်တိုးတက်ကောင်းမွန်စေသည်။
- Riboflavin (ခေါ်) ဗီတာမင်-B2 ပါရှိသဖြင့် ခေါင်းတစ်ခြမ်းကိုက်ခြင်းကို သက်သာစေသည်။
- သီအာမင်နှင့် နီအာစင်းဓာတ်များ ပါရှိသောကြောင့် ဒူးရင်းသီးစားပြီးနောက် ဗိုက်ဝသွားကာ စိတ်ကျေနပ်မှုရစေ၍ နောက်ထပ်အစာစားချင်စိတ်ကို ချိုးနှိမ်ပေးသည်။
- ဓာတ်ခွဲစမ်းသပ်ချက်များအရ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်သော ဗီတာမင်-C (RDA) ရာခိုင်နှုန်းအပြည့်အဝပါရှိသဖြင့် ခန္ဓာကိုယ်အတွက် မလိုလားအပ်သော Free Radicals များကို တိုက်ထုတ်ပေး၍ ကူးစက်ရောဂါများကို ကာကွယ်ပေးကြောင်း၊ ထိခိုက်ဒဏ်ရာများ အနာကျက်လွယ်စေကာ အရေပြားကိုကျန်းမာစေကြောင်း၊ အရွယ်တင်နုပျိုစေကြောင်း လေ့လာသိရှိရသည်။
- ဒူးရင်းသီးတွင်ပါရှိသော သဘာဝ Tryptophan ဓာတ်က လူ့ခန္ဓာကိုယ်ထဲရောက်သွားသောအခါ Serotonin အဖြစ် အလိုအလျောက် ဓာတ်ပြောင်းလဲသွားပြီး သွေးထဲသို့ Melatonin ထွက်ရှိစေသဖြင့် အိပ်ပျော်စေသည်။

**"ဒူးရင်းသီးမစားသုံးမီနှင့် စားသုံးပြီးနောက် အရက်၊ ဘီယာ၊ ဝိုင် စသည့် အယ်လ်ကိုဟောပါဝင်သောအရည်များ သောက်သုံးခြင်းကို အထူးရှောင်ကြဉ်သင့်သည်။ တွဲဖက်စားသုံးခြင်းအားဖြင့် အူချဉ်နာ၊ လေထိုးလေအောင့်နာ၊ ဦးနှောက်သွေးကြောပြတ်ခြင်း၊ နှလုံးသွေးကြောပေါက်ခြင်း၊ လေဖြတ်ခြင်းတို့ ဖြစ်စေနိုင်သည် . . ."**

## ဒူးရင်းသီးစားလျှင် သတိယှဉ်

ဒူးရင်းသီးက အထက်ဖော်ပြပါကျန်းမာရေးအာနိသင်များကိုပေးစွမ်းနိုင်သော်လည်း အခန့်မသင့်ပါက ဘေးထွက်ဆိုးကျိုးများဖြစ်စေနိုင်၍ သတိနှင့်ယှဉ်ပြီး စားသုံးသင့်သည်။

- ဒူးရင်းသီးမစားသုံးမီနှင့် စားသုံးပြီးနောက် အရက်၊ ဘီယာ၊ ဝိုင် စသည့် အယ်လ်ကိုဟောပါဝင်သောအရည်များ သောက်သုံးခြင်းကို အထူးရှောင်ကြဉ်သင့်သည်။ တွဲဖက်စားသုံးခြင်းအားဖြင့် အူချဉ်နာ၊ လေထိုးလေအောင့်နာ၊ ဦးနှောက်သွေးကြောပြတ်ခြင်း၊ နှလုံးသွေးကြောပေါက်ခြင်း၊ လေဖြတ်ခြင်းတို့ဖြစ်စေနိုင်သည်။
- သွေးတိုးရောဂါရှိသူများအနေဖြင့် ဒူးရင်းသီးစားပြီး နို့ထွက်ပစ္စည်းများ ထပ်မံစားသုံးခြင်းကို ရှောင်ကြဉ်သင့်သည်။ အခန့်မသင့်ပါက အသက်အန္တရာယ်ဖြစ်စေနိုင်သည်။ (ထိုင်းနိုင်ငံတွင် ဒူးရင်းသီးစားသုံးပြီးနောက် ရှစ်နာရီအတွင်း နို့ထွက်ပစ္စည်းများကို မစားသုံးရန် တိုက်တွန်းထားကြောင်း သိရသည်။)
- ဒူးရင်းသီးစားပြီး ခရမ်းသီးစားခြင်းက အပူစာနှစ်မျိုးကို တစ်ပြိုင်နက်တည်း စားသုံးသကဲ့သို့ဖြစ်စေကာ အပူများပြီး လည်ချောင်းနာခြင်းနှင့် ဖျားနာခြင်းကို ဖြစ်စေနိုင်သည်။
- ဒူးရင်းသီးနှင့် ကဏန်းတွဲဖက်စားသုံးခြင်းက အပူစာနှင့်အအေးစာနှစ်ခုကို စားသုံးသလိုဖြစ်၍ ဝမ်းဗိုက်မအီမသာဖြစ်ခြင်းနှင့် ဗိုက်အောင့်၊ ဗိုက်နာခြင်း ဖြစ်စေနိုင်သည်။
- အမဲသား၊ ဆိတ်သား၊ မှိုကဲ့သို့ အပူစာများနှင့် ဒူးရင်းသီးကို တွဲဖက်စားသုံးခြင်းက အစာအဆိပ်သင့်စေနိုင်ပြီး အော့အန်ခြင်း၊ အသက်ရှူကျပ်ခြင်းနှင့် ဖျားနာခြင်းတို့ကို ဖြစ်စေနိုင်သည်။
- ကဖင်းဓာတ်ကြွယ်ဝစွာပါရှိသော ကော်ဖီနှင့် ဒူးရင်းသီးတွဲဖက်စားသုံးခြင်းက ရုတ်တရက်နှလုံးရပ်ခြင်း၊ အသက်ရှူကျပ်ခြင်းနှင့် ဦးခေါင်းအလွန်အမင်းကိုက်ခဲခြင်းတို့ ဖြစ်စေနိုင်သည်။
- ဒူးရင်းသီးစားပြီးနောက် လိုက်ချီးသီးမစားပါနှင့်။ အသက်အန္တရာယ်ဖြစ်စေတတ်သည်။
- ဒူးရင်းသီးက အပူဓာတ်ဖြစ်ကာ သကြားဓာတ်အမြောက်အမြားပါရှိသည့်အတွက် အဝလွန်ရောဂါရှိသူများ၊ ကိုယ်အလေးချိန်တက်သူများ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် ဆီးချိုရောဂါရှိသူများ မစားသင့်ပေ။
- ပိုတက်ဆီယမ်ဓာတ် အလွန်မြင့်မားစွာပါဝင်သဖြင့် နာတာရှည်ကျောက်ကပ်မကောင်းသူများနှင့် နှလုံးရောဂါရှိသူများ စားသုံးရန်မသင့်ပေ။
- အစာအိမ်မကောင်းသူများ၊ အသည်းရောဂါနှင့် သွေးတိုးရောဂါရှိသူများ ဒူးရင်းသီးစားရန်မသင့်ပေ။ အစာကြေရန် ခက်ခဲခြင်း၊ ဝမ်းတွင်းအပူရှိန်မြင့်တက်စေခြင်းဖြစ်နိုင်သည်။

ဒူးရင်းသီးစားသုံးပြီးချိန် ရေအမြောက်အမြားသောက်သုံးပေးသင့်သည်။ အပူစင်စေရန် ဒူးရင်းသီးစားပြီးနောက် မင်းကွတ်သီးအနည်းငယ်စားပေးသင့်သည်။ နာနတ်သီးစားပေးခြင်းဖြင့် အပူမကန်နိုင်ပါ။

## ဒူးရင်းသီးကောင်းကောင်း ရွေးချယ်နည်း

အနံ့အရသာနှင့်ပြည့်စုံသော ဒူးရင်းသီးတစ်လုံးရရှိရန် ဒူးရင်းသီး၏အဆူးများသည် တိုနေရပါမည်။ ဆူးလိုင်းများကျဲနေရမည်။ အသီးအညှာသည် ဖြောင့်တန်းနေရပါမည်။ အသီးကို နမ်းကြည့်ပြီး မှည့်၊ မမှည့် လွယ်ကူစွာသိရှိနိုင်သည်။ ဒူးရင်းသီးကို လှုပ်ခါကြည့်ပါ။ မှည့်သောအသီးက မသိမသာအတွင်းအဆန် ချောင်နေပါသည်။ ထိပ်ပွင့်နေသောအသီးကို မဝယ်သင့်ပါ၊ အနံ့အရသာ မကောင်းတတ်ပေ။ အလွှာအကန့်များသောအသီးကို ရွေးချယ်ပါ။ အလွှာအကန့်များလေ ဒူးရင်းသီးအနှစ်ပါဝင်မှုများလေဖြစ်သည်။ အလုံးဝိုင်းဝိုင်း အောက်ခြေဖင်ပြားပြားအသီးကိုရွေးပါ။ အသားပြည့်မည်ဖြစ်သည်။ ဒူးရင်းသီးသည် အကျိုးပြုဓာတ်များစွာပါဝင်သဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုသော်လည်း အခန့်မသင့်ပါက ဘေးထွက်ဆိုးကျိုးများဖြစ်စေနိုင်၍ သတိနှင့်ယှဉ်စားသုံးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံလျာထားကေပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ ဇူလိုင် ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံလျာထားကေပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ကြံရှစ်ကေစိုက်ပျိုးရန် လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ လျာထားကေပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကြံရှစ်ကေ လျာထားစိုက်ပျိုးခဲ့ရာ လက်ရှိမှာ သတ်မှတ်စိုက်ကေပြည့်မီအောင် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကြံကို နှစ်စဉ် မိုးရာသီမှာစိုက်ပျိုးကြပါတယ်၊ ကြံစိုက် ပျိုးတဲ့တောင်သူတွေကိုလည်း အထွက်နှုန်းနဲ့ အရည်အသွေးကောင်းဖို့ အတွက် စိုက်နည်းစနစ်နဲ့ သွင်းအားစုတွေ စနစ်တကျသုံးစွဲနိုင်အောင် အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကြံစိုက်ပျိုးရာ၌ တစ်ကေလျှင် ငွေကျပ် ခုနစ်သိန်းခန့် ကုန်ကျမှုရှိပြီး တန်ချိန် ၃၀ ခန့်ထွက်ရှိနိုင်ကြောင်း သိရသည်။

ကြံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း သကြားထုတ်လုပ်မှုနှင့် စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ကြံစိုက်တောင်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ကြံကိုတိုးချဲ့စိုက်ပျိုးနိုင်အောင် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ပေါက်ခေါင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြော



ပေါက်ခေါင်း ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ဇူလိုင်လ ၇ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း (ကြို့ပင်ကန်)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်နှင်းသုန်က ကျောင်းသားလူငယ်များ စာပေဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေး ဟောပြောသည်။ ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်ဇင်ဇင်မင်းမောင်က မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ဆိုးကျိုးများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းအဖြစ် ရုပ်ပုံပြဇာတ်နှင့် ရုပ်ပုံပါပုံပြင်စာအုပ်များဖြင့် ပုံပြင်ပြောခြင်း၊ စာအုပ်များအားဖတ်ရှုစေခြင်းနှင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးခြင်းနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောပတ်ဝန်းကျင်၌ မိကျောင်းအန္တရာယ် သတိထားရှိရန် အသိပညာပေးနှိုးဆော်

ဘိုကလေး ဇူလိုင် ၇

မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့်ဆက်စပ်နေသည့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ချောင်းမြဲကြီးကျေးရွာအုပ်စု လေ့လုံးကွဲကျေးရွာချောင်းထဲ၌ ဇူလိုင်လ ၂ ရက်နှင့် ၃ ရက်တို့က နှစ်ရက်ဆက်တိုက် ကျေးရွာသားနှစ်ဦးအား မိကျောင်းဆွဲခံခဲ့ရသဖြင့် အလားတူဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ယင်းနေ့မှစတင်၍ လက်ရှိအချိန်ထိ နေ့စဉ်တာဝန်ရှိသူများက မိကျောင်းအန္တရာယ် သတိထားရှိရန် အသိပညာပေး နှိုးဆော်လျက်ရှိကြောင်း သိရသည်။

ထိုသို့ အသိပညာပေးနှိုးဆော်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့်သားငှက် တိရစ္ဆာန်ထိန်းသိမ်းရေးဌာန မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများက မိကျောင်းအန္တရာယ် သတိထားရှိရန် အသံချဲ့စက်ဖြင့် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့်ထိစပ်ရာ မြစ်၊ ချောင်းများ၌ လှည့်လည်အသိပညာပေး နှိုးဆော်ကြခြင်းဖြစ်သည်။

ဇွန်လမှ ဩဂုတ်လအတွင်း ကာလသည် မိကျောင်းများ အသိုက်ကိုက်၊ အသိုက်ဖွဲ့ပြုလုပ်သည့် ကာလဖြစ်သည့်အတွက် ရေချိုရေငန်မိကျောင်းများ ရှင်သန်ပေါက်ပွားကျက်စားသည့် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ဆက်စပ်ရာ ဒီရေတောဒေသများသည် မိကျောင်းအန္တရာယ်ရှိသည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

ထိုဒေသများအတွင်း နေထိုင်ကြသူများသည် ချောင်းစပ်ကမ်းစပ်များ၌ အိမ်မွေးတိရစ္ဆာန်များအား လွှတ်ကျောင်းမွေးမြူခြင်းမပြုကြရန်၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကလေးငယ်များအနေဖြင့် ချောင်းအတွင်း ရေကစားခြင်း၊ ရေထဲသို့ခုန်ချခြင်း၊ ကမ်းစပ်၌ အဝတ်လျှော်ခြင်း၊ အချိန်ကြာမြင့်စွာ ရေချိုးခြင်းများမပြုလုပ်ကြရန်၊ ငါး၊ ပုစွန်များရှာဖွေကြသည့် ရေလုပ်သားများအနေဖြင့်လည်း သတိကြီးစွာထားရှိရန်၊ မိကျောင်းများ ကမ်းစပ်များ၌ ခိုလှုံမှုမရှိစေရေး ကမ်းစပ်များရှိ ချုံနွယ်ပိတ်ပေါင်းများအား ရှင်းလင်းထားရန်နှင့် မိကျောင်းများ ရေပြင်၌ကူးသန်းသွားလာသည်ကိုတွေ့ရှိပါက တုတ်၊ ခဲများဖြင့် ပစ်ပေါက်ခြောက်လှန့်ခြင်းများ မပြုလုပ်ကြရန် အသိပညာပေးနှိုးဆော်ကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေး လူငယ်စကားဝိုင်းကျင်းပ



ကျောက်ဆည် ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အသိပညာပေးဟောပြောပွဲ၊ လူငယ်စကားဝိုင်းများ၊ ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၇ ရက်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေး လူငယ်စကားဝိုင်း ကျင်းပသည်။

ရှေးဦးစွာ အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇာနည်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အဂတိတရားလေးပါးအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးဦးဆောင်ပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ အစိုးရနည်းပညာအထက်တန်းကျောင်းမှ တတိယနှစ် လျှပ်စစ်နည်းပညာသင်တန်းနှင့် အဆောက်အအုံနည်းပညာသင်တန်းမှ မောင်အောင်ပိုင်ခန့်၊ မောင်ဖွဲ့မြင့်စံနှင့် မတင်ဇာမော်တို့က အခြေခံစဉ်းစားတွေးခေါ်မှု၊ ပွင့်လင်းမြင်သာမှု၊ နိုင်ငံသားကောင်းဖြစ်ခြင်း၊ ပထမနှစ်စက်မှုသင်တန်းမှ မမိုးမင်းမြင့်မြတ်စံက အဂတိလိုက်စားမှုကို ရှက်ရွံ့ခြင်းနှင့် ဆန့်ကျင်ခြင်း၊ ဒုတိယနှစ် သုတနည်းပညာသင်တန်းမှ မောင်ကျော်မင်းပိုင်က အခြားသူတို့အား တာဝန်ယူမှုရှိခြင်း ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းသို့တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကလေးအလုပ်သမားပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်း



မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းစဉ်။

**နေပြည်တော် ဇူလိုင် ၇**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဇူလိုင်လ ၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၉၈ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှု ကြီးကြပ်ရေးဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် တာဝန်ရှိသူများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chen Wen Feng နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ Pol. Col. Chinakorn Atsawaphum နှင့် တာဝန်ရှိသူများ ယနေ့ နံနက်ပိုင်းတွင်မြဝတီမြို့သို့ရောက်ရှိကြသည်။

၎င်းသုံးနိုင်ငံပူးပေါင်းအဖွဲ့သည် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ပြီး ကောင်းမွန်စွာ ထိန်းသိမ်းထားရှိမှုအခြေအနေများ၊ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်း ကောက်ယူနေမှုအခြေအနေများကို လိုက်လံကြည့်ရှု လေ့လာကြသည်။

ဆက်လက်၍ နှစ်နိုင်ငံမှ ကိုယ်စားလှယ်များသည် မြဝတီမြို့၊ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားအစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကိုကျင်းပခဲ့ကာ မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု(Telecom Fraud)များ ကင်းစင်ပပျောက်သည်အထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင်လည်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသူတစ်ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသူတစ်ဦးအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်စဉ်။

**နေပြည်တော် ဇူလိုင် ၇**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-မဲ့ထော်သလေး (KK Park)နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့သည့် တရုတ်နိုင်ငံသူတစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။


အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရုတ်နိုင်ငံသူအား သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်း ကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဇူလိုင်လ ၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။


နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# တောင်ကြီးမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



တရားခံဒေါ်နအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



တရားခံ ကျော်သက်နှင့် ရန်နိုင်အောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၇**

ဇူလိုင်လ ၅ ရက်နေ့ မွန်းလွဲ ၂ နာရီ ၃၀ မိနစ်ခန့်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ခြသေ့်လမ်းရှိ ဦးဒေါ်န၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော Happy Water သုည ဒသမ ၄၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၁၀၀ နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅ သိန်း)နှင့် ကက်တမင်း ၁ ဒသမ ၁၇ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ခန့်မှန်းတန်ဖိုး ငွေကျပ်၁၁၇ သိန်း)တို့အား ဖမ်းဆီးရမိသဖြင့် ဒေါ်န(၇၄)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ညနေ ၅ နာရီချိန်ခန့်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြရပ်ကွက်၊ ဂျိုးဖြူလမ်းပေါ်တွင် ကျော်သက်ထံမှ စိတ်ပြောင်းဆေးဝါးများရောစပ်ထားသော Happy Water သုည ဒသမ ၄၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇ ဒသမ ၅ သိန်း) နှင့် ကက်တမင်း ၁ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၅၀၀ နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၅၀၀) တို့အား ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၆ နာရီခန့်တွင် တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ(၁၃)လမ်းနေ ရန်နိုင်အောင်၏နေအိမ်အား ဆက်လက်သွားရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများရောစပ်ထားသော Happy Water သုည ဒသမ ၅၉ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆ ဒသမ ၅ သိန်း)၊ ကက်တမင်းသုည ဒသမ ၀၁၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၅၀၀ နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၅ သိန်း)နှင့် အက်တက်စီဆေးပြား ၁၀ ပြား (တစ်ပြားလျှင် ၄၀၀၀၀ ကျပ်နှုန်းဖြင့် ခန့်မှန်းတန်ဖိုးငွေကျပ် ၄ သိန်း) တို့အား ထပ်မံဖမ်းဆီးရမိသဖြင့် ကျော်သက်(၃၄)နှစ်နှင့် ရန်နိုင်အောင် (၃၄)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(၁၀၀)



ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
DAGON
MALTA FRESH
Net Content 330 ml
2016
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
